ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
The Mirror Daily
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ စနေနေ့။ Saturday, 20 August 2022 ၁၀၈၃၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး(၄/၂၀၂၂) ကျင်းပ

## တရားမဝင်ကုန်သွယ်မှုများကို ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံ အသုံးပြုပြီး တားဆီးအရေးယူကြရန်နှင့် တရားမဝင်ကုန်သွယ်မှုပြုလုပ်သူများ လုပ်ကိုင်ရခက်ခဲလာချိန်တွင် မိမိတို့အနေဖြင့် လမ်းကြောင်းမှန်ပေါ်ရောက်အောင် တည့်မတ်ပေးရန် စဉ်းစားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် သက်တမ်းအားဖြင့် (၉)လအတွင်းသို့ ရောက်ရှိလာပြီဖြစ်ပြီး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

**နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့ JWG ပဉ္စမအကြိမ် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၁၁

**ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သောက်ဆေးအမျိုးအစား Lagevrio အား ပြည်တွင်းဈေးကွက်တွင် စတင်ဖြန့်ဖြူးမည်**

စာမျက်နှာ » ၁၃

**မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်**

စာမျက်နှာ » ၁၅

ကြေးမုံ

# သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ် ၁၈ ရက်က ထုတ်ပြန်ကြေညာချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ရခိုင်ကမ်းရိုးတန်းအနီးတွင် လေပွေလှိုင်းတစ်ခုဖြစ်ပေါ်နေမှု၊ အဆိုပါလေပွေလှိုင်းသည် ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းမှ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ရောက်ရှိလာသည်။

အဆိုပါမုန်တိုင်းငယ်သည် ဩဂုတ်လ ၁၉ ရက်တွင် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်- ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားကာ အိန္ဒိယနိုင်ငံ အနောက်ဘက်သို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံသို့ ဝင်ရောက်ခြင်းမရှိသော်လည်း ပြီးခဲ့သည့်ရက်များက အားကောင်းသော လေဖိအားနည်းရပ်ဝန်းနှင့်မုန်တိုင်းငယ်အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

အားကောင်းသော လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် ယခုအခါ နေပြည်တော်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းပြီး ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်လာသည်။ မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းလေပြင်းထန်လျက်ရှိသည်။ ဖြစ်ပေါ်နေသော ရာသီဥတုဖြစ်စဉ်များကို သက်ဆိုင်ရာဌာနက အချိန်နှင့်တစ်ပြေးညီ အသိပေးထုတ်ပြန်လျက်ရှိသည့်အပြင် ဒေသဆိုင်ရာတာဝန်ရှိသူများကလည်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်ရက်များအတွင်းမှ ယနေ့အချိန်အထိ နိုင်ငံအနှံ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် အချို့မြို့နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ပြည်သူအချို့မှာ ရေဘေးသင့်ခဲ့ကြသည်။ မိုးရွာသွန်းမှု၊ မိုးကြီးမှုဖြစ်စဉ်များသည် ဆက်လက်ဖြစ်ပွားနေမည်ဖြစ်၍ အထူးသဖြင့် ရေကြီးရေလျှံမှုဖြစ်စဉ်များ၊ မြေပြိုမှုဖြစ်စဉ်များကို သတိပြုကြရမည်ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ နောက်ဆက်တွဲ သဘာဝဘေးအမျိုးမျိုးဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုကြရန်လိုအပ်ပါသည်။ ရေကြောင်းခရီးသွားလာမှုနှင့် ကမ်းဝေးကမ်းနီးငါးဖမ်းခြင်းလုပ်ငန်းများအနေဖြင့် မိုးလေဝသဌာန၏ထုတ်ပြန်ချက်များကို သတိပြုရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအမျိုးမျိုးဖြစ်သည့် ငလျင်၊ ဆူနာမီ၊ ရေကြီးရေလျှံ၊ မြေပြိုမှု၊ ဆိုင်ကလုန်းမုန်တိုင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည်တို့ကို ကြုံတွေ့ဖူးပြီး ပျက်စီးဆုံးရှုံးမှုများကို ခံစားခဲ့ရသည်။ သဘာဝဘေးအမျိုးမျိုးကြောင့် ပြည်သူများ၏ စီးပွားဥစ္စာများ ထိခိုက်ဆုံးရှုံးမှုရှိခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်နစ်နာစေပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကို အမြဲတစေဆန်းစစ်လေ့လာပြီး အန္တရာယ်ကျရောက်နိုင်ခြေရှိသည့် ဒေသနေရာများတွင် ကြိုတင်ပြင်ဆင်ကာကွယ်မှုများကို ဆောင်ရွက်ပြီး ပျက်စီးဆုံးရှုံးမှုကို လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးများကို ကြုံတွေ့နေရသည်ဆိုသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းစာလျှင် များစွာလျော့နည်းသက်သာနေသည်ကို တွေ့ရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သဘာဝဘေးအန္တရာယ်သည် ခန့်မှန်းရမလွယ်ကူသဖြင့် ကြိုတင်ပြင်ဆင်ထားခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ နိုင်ငံပိုင်မီဒီယာများနှင့် မိုးလေဝသနှင့်ဇလဗေဒဌာနက အသိပေးထုတ်ပြန်ချက်များကို မျက်ခြည်မပြတ်ဂရုစိုက်မှတ်သားရန်လိုအပ်ပါသည်။ မုန်တိုင်းကျရောက်ပါက မုန်တိုင်းဒဏ်ခံနိုင်သောနေရာများ၊ အဆောက်အအုံများကို ရွေးချယ်ထားရန်လိုအပ်ပါသည်။ မုန်တိုင်းမကျရောက်မီ သောက်သုံးရေ၊ အစားအစာ၊ အဝတ်အထည်စသည့် ပစ္စည်းများကို ကြိုတင်စုဆောင်ထားရန်လိုပါသည်။ မုန်တိုင်းဖြတ်သန်းပြီးပါက နာရီဝက်အတွင်း ပိုမိုပြင်းထန်သည့်လေ တိုက်ခတ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားခြင်းသည် အကောင်းဆုံးဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုတင်ပြင်ဆင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြရန် လိုအပ်ပါသည်။ သဘာဝဘေးကို အသိသတိထားရှိကာ ကြိုတင်သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ကြပါရန်နှင့် သဘာဝဘေးကြောင့် လူ့အသိုင်းအဝိုင်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ )နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ကေသီသင် | ပါမောက္ခချုပ်<br>တောင်ကြီးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ကေသွယ်လှိုင် | ပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ တင့်မိုးသူဇာ | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ပါမောက္ခ ဒေါက်တာ မျိုးသက်တင် | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၅) | ဦးနေဝင်း | ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၆,၉၀၀ | ၄၁၃ | ၂,၈၅၆,၉၀၀ |
| MTSH | ၂,၄၅၀ | ၂,၅၀၀ | ၁,၅၀၄ | ၃,၇၂၄,၇၅၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၄၈ | ၃၃၁,၂၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၀ | ၀ |
| TMH | ၂,၃၀၀ | ၂,၃၅၀ | ၈၄၆ | ၁,၉၄၆,၃၅၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၁၈.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၈.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၉၀၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၉.၁၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၁၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၁.၈ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၁၃.၅ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၉.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၂၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၉ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

### ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | |
|---|---|
| ၁။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း | ဒုတိယဝန်ကြီးချုပ် |
| ၃။ ဗိုလ်ချုပ်ကြီးမြထွန်းဦး | ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ ဦးဝဏ္ဏမောင်လွင် | ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၆။ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) |
| ၇။ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် | ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၈။ ဦးဝင်းရှိန် | ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၉။ ဒေါက်တာကံဇော် | ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၀။ ဦးကိုကိုလှိုင် | ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန |
| ၁၁။ ဒေါက်တာသီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန |
| ၁၂။ ဦးမောင်မောင်အုန်း | ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၃။ ဦးကိုကို | ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၄။ ဦးတင်ထွဋ်ဦး | ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၅။ ဦးလှမိုး | ပြည်ထောင်စုဝန်ကြီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| ၁၆။ ဗိုလ်ချုပ်ကြီးတင်အောင်စန်း | ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၇။ ဦးခင်မောင်ရီ | ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၁၈။ ဦးသောင်းဟန် | ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၉။ ဦးမျိုးမြင့်ဦး | ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန |
| ၂၀။ ဒေါက်တာချာလီသန်း | ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန |
| ၂၁။ ဦးမြင့်ကြိုင် | ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂၂။ ဒေါက်တာပွင့်ဆန်း | ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန |
| ၂၃။ ဦးအောင်နိုင်ဦး | ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၂၄။ ဒေါက်တာညွန့်ဖေ | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန |
| ၂၅။ ဒေါက်တာမျိုးသိန်းကျော် | ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၂၆။ ဒေါက်တာသက်ခိုင်ဝင်း | ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန |
| ၂၇။ ဦးမင်းသိန်းဇံ | ပြည်ထောင်စုဝန်ကြီး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန |
| ၂၈။ ဦးရွှေလေး | ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၉။ ဒေါက်တာသက်သက်ခိုင် | ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၀။ ဒေါက်တာဌေးအောင် | ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| ၃၁။ ဦးစောထွန်းအောင်မြင့် | ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| ၃၂။ ဦးဇော်သန်းသင်း | အတွင်းရေးမှူး |

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၇ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

### တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်-

(၁) ဦးချစ်နိုင်
ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)

(၂) ဦးခင်ရီ
ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(၃) ဦးသန်းညိန်း
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၄) ဦးဝင်းသော်
ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုဝန်ကြီးတာဝန် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၈ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

### ပြည်ထောင်စုဝန်ကြီးတာဝန် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့အား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဒေါက်တာကံဇော်<br>ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) ဦးမြင့်ကြိုင်<br>ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| (၃) ဒေါက်တာပွင့်ဆန်း<br>ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန |
| (၄) ဦးအောင်နိုင်ဦး<br>ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၀ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

### ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးအား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ပြောင်းရွှေ့ခန့်အပ် တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၁ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၂ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးတင်ဦးလွင် အား နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၄ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၅ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၆ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာဝုန်ဆွန်းထန် အား ချင်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၇ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာစိုးဝင်း အား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၅၈ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဇော်မြင့်နိုင် အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

✪ ရှေ့ဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်ပစ္စည်းများကို ဘက်ပေါင်းစုံမှ တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထိုက်အလျောက် အောင်မြင်မှုရရှိသည်ကို တွေ့ရကြောင်း။

**အရေးပါသည့်အခြေခံအချက်များဖြစ်**

ပူးပေါင်းဆောင်ရွက်မှုထက်သန်ခြင်း၊ အမိန့်နာခံမှုအားကောင်းခြင်းနှင့် စည်းကမ်းလိုက်နာခြင်းတို့သည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်ရေးတွင် အရေးပါသည့် အခြေခံအချက်များဖြစ်သည့်အတွက် ယင်းအလေ့အကျင့်ကောင်းများကို ဆက်လက်သယ်ဆောင်သွားကြရန်၊ နောင်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများကို လက်ဆင့်ကမ်းပေးသွားကြစေလိုကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုးတက်မှုနှင့် ထိရောက်မှုရှိ၊ မရှိကို ကိန်းဂဏန်းများနှင့် တိုက်ရိုက်နှိုင်းယှဉ်သိရှိနိုင်သကဲ့သို့ တရားဝင်လမ်းကြောင်းများမှ ကုန်သွယ်မှု မည်မျှအထိ တိုးတက်လာသည်ကို သွယ်ဝိုက်၍လည်း တိုင်းတာသိရှိနိုင်ကြောင်း။

လအလိုက် ဖမ်းဆီးရမိမှုကို ကြည့်မည်ဆိုလျှင် ဇွန်လတွင် ဖမ်းဆီးရမိမှု စုစုပေါင်း တန်ဖိုးငွေကျပ် ၃ ဒသမ ၄ ဘီလီယံသာရှိခဲ့သော်လည်း ဇူလိုင်လတွင် ငွေကျပ် ၆ ဒသမ ၁ ဘီလီယံအထိ နှစ်ဆနီးပါး တိုးတက်လာသည်ကို တွေ့ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖမ်းဆီးရမိမှုကိုကြည့်မည်ဆိုလျှင် ဇူလိုင်လအတွင်း ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှုအများဆုံးဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်အများစုတွင် ဖမ်းဆီးရမိမှုများ ယခင်လထက် ပိုမိုတိုးတက်လာသည်ကို တွေ့ရကြောင်း။

**အသိအမှတ်ပြု**

ဇန်နဝါရီလမှ ဇူလိုင်လအထိ ခုနစ်လတာကာလအတွင်း ဖမ်းဆီးရမိမှု အမှုတွဲ ၂၁၈၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၂၈ ဘီလီယံဖြစ်ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးရမိအမှုတွဲ ၉၃၀၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၄၆ ဘီလီယံ ပိုမိုရရှိခဲ့ကြောင်း၊ ထိုသို့ ပိုမိုရရှိခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၊ အကောက်ခွန်အပါအဝင် OSS အဖွဲ့ဝင် ဌာနဆိုင်ရာများ၏ ကြိုးပမ်းအားထုတ်မှုဖြစ်၍ အသိအမှတ်ပြုပါကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပါဝင်ကြသူများအနေဖြင့် ဖမ်းဆီးရမိမှုများကို တိုးတက်အောင် အားထုတ်ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း မိမိတို့၏ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်ရေးကို ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့ဖော်ဆောင်ရာတွင် ကုန်သွယ်လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်လမ်းကြောင်း တစ်နည်းအားဖြင့် လမ်းကြောင်းအမှားမှသွားသည်ကို ဖမ်းဆီးအရေးယူရန် လိုအပ်သကဲ့သို့ လမ်းကြောင်းမှန်ပေါ်မှ သွားလာနိုင်ရေးကိုလည်း တတ်နိုင်သမျှ တည့်မတ်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအား အသိပညာပေးခြင်းများနှင့် လမ်းကြောင်းတည့်မတ်ပေးနိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တည့်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အထူးအဖွဲ့များ၊ OSS အဖွဲ့ဝင်များအနေဖြင့် တရားမဝင်ကုန်ပစ္စည်းများကို ထိရောက်စွာ ဖမ်းဆီးနိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သကဲ့သို့ ကုန်သည်လုပ်ငန်းရှင်များကို ကုန်သွယ်မှုများ မှန်မှန်ကန်ကန် ဆောင်ရွက်တတ်စေရေးနှင့် လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေရေးအတွက် ကူညီထိန်းကျောင်းပေးရန် လိုအပ်ကြောင်း။

**Detail Check စနစ်ဖြင့် ရှာဖွေစစ်ဆေး**

ကုန်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးရာတွင်လည်း Random Check ဖြင့်သာ စစ်ဆေးမှုများမှ တစ်ဆင့် Detail Check စနစ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကအရေးကြီး စစ်ဆေးရေးစခန်းများတွင် Detail Check စနစ်ဖြင့် မဖြစ်မနေ ရှာဖွေစစ်ဆေးသွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှာဖွေစစ်ဆေးရေး စက်ကိရိယာများ အကူအညီဖြင့် မဖြစ်မနေထားရှိဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များအတိုင်း သိမ်းဆည်းရမိ တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်လုပ်ငန်းများတွင် မသမာမှုနည်းလမ်းများဖြင့် ကြန့်ကြာမှုရှိစေရေး၊ အမှုမှ လွတ်မြောက်စေရေး စသည်ပြုမူဆောင်ရွက်မှုများမရှိကြစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားကိုရှေးရှု၍ လုပ်ငန်းစဉ်များ တိတိကျကျ လျင်လျင်မြန်မြန် ပြီးစီးအောင် စေတနာရှေ့ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရမိပစ္စည်းများနှင့်ပတ်သက်၍ ဖမ်းဆီးပြီးသည့်ကာလမှလေလံတင်ရောင်းချပြီးသည့်ကာလအထိ ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများ မဖြစ်ပေါ်စေရေး၊ မှန်ကန်မြန်ဆန်စေရေး၊ ဖမ်းဆီးရမိဆုကြေးငွေများကို အမြန်ဆုံးခွဲဝေထုတ်ပေးနိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများမှ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အထူးအားဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်များ အသုံးပြု၍ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ အပါအဝင် ပေါက်ကွဲစေတတ်သော တရားမဝင် အကောက်ခွန်မဲ့ ပစ္စည်းများကို နည်းမျိုးစုံ သယ်ဆောင်ခြင်းများမရှိစေရေးအတွက် စစ်ဆေးရေးစခန်းများတွင် ရှိကြသည့် တာဝန်ကျဝန်ထမ်းများအနေဖြင့် နည်းမျိုးစုံဖြင့် ရှာဖွေဖော်ထုတ် ဖမ်းဆီးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ရှာဖွေဖမ်းဆီးကြရာတွင် တစ်ဦးချင်း လုံခြုံရေးအသိစိတ် ထားရှိမှုသည်လည်း အထူးအရေးကြီးကြောင်း။

မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်အောင် မည်သည့်အစီအမံများ ချမှတ်လုပ်ကိုင်သည်ဖြစ်စေ၊ မည်သို့သော လမ်းကြောင်းမှန်ပေါ် တည့်မတ်စေသည်ဖြစ်စေ မြေပြင်တွင် လက်တွေ့ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို အဂတိတရားလွှမ်းမိုးထားပါက ရည်မှန်းချက်များအောင်မြင်ရန် ခဲယဉ်းနေဦးမည်ဖြစ်ကြောင်း၊ ငွေကြေးတံစိုးလက်ဆောင်ကြောင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်မှုမရှိသည့် ဝန်ထမ်းများရှိနေလျှင် အခွန်မဆောင်သည့်၊ အရည်အသွေးအာမခံချက်မရှိသည့် ကုန်စည်များသည် ပြည်တွင်းသို့ အချိန်တိုအတွင်း တိုက်ရိုက်ဝင်ရောက်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာအထူးအဖွဲ့များ၊ ဌာနများအနေဖြင့် မိမိတို့၏ အဖွဲ့ဝင်များ၊ ဝန်ထမ်းများကို တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်ပတ်သက်မှု မရှိစေရေး၊ အဂတိတရားကင်းရှင်းရေးကို အလေးအနက်သတိပေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ ပါဝင်ပတ်သက်သည့် ဝန်ထမ်းများကို ထိရောက်စွာ အရေးယူခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**တညီတညွတ်တည်း စုပေါင်းဆောင်ရွက်**

တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်ရာတွင် မှန်ကန်သည့်သတင်းရရှိမှု၊ သတင်းလုံခြုံမှုနှင့် သတင်းပေးလူပုဂ္ဂိုလ်အတွက် လုံခြုံရေးသည် အရေးကြီးကြောင်း၊ ရရှိသည့်သတင်းအချက်အလက်များကို တည်ဆောက်ပြီး လုံခြုံရေးအတွက်စုဖွဲ့ကာ တညီတညွတ်တည်း စုပေါင်းဆောင်ရွက်မှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ စစ်ဆေးရမည့်ဌာနက စစ်ဆေးနေသကဲ့သို့ လုံခြုံရေးအဖွဲ့အစည်းကလည်း လုံခြုံရေးဆောင်ရွက်ပေးနေရန်လိုကြောင်း၊ နယ်စပ်ဒေသများတွင် လုံခြုံရေးသည် အထူးအရေးကြီးကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်ရေးစီမံဆောင်ရွက်ရာတွင် မည်ကဲ့သို့ တားဆီးထိန်းချုပ်မည်ကို နည်းလမ်းများ စီမံချမှတ်ဆောင်ရွက်ခြင်းအပြင် တာဝန်ကျဝန်ထမ်းများ၏ လုံခြုံရေးကို အလေးထားစီမံဆောင်ရွက်ကြရန် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို မှာကြားလိုကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံ အသုံးပြုပြီး တားဆီးအရေးယူကြရန်နှင့် တရားမဝင်ကုန်သွယ်မှုပြုလုပ်သူများ လုပ်ကိုင်ရခက်ခဲလာချိန်တွင် မိမိတို့အနေဖြင့် လမ်းကြောင်းမှန်ပေါ် ရောက်အောင်တည့်မတ်ပေးရန် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများတွင် ပေးဆောင်ရမည့် အခွန်အမျိုးအစားများကို ကုန်သည်လုပ်ငန်းရှင်များ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အခွန်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းအောင်ပြုပြင်ခြင်းနှင့် လုပ်ငန်းရှင်များကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အပါအဝင် အခွန်အသိပညာပေးလုပ်ငန်းများကိုလည်း ပုံမှန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း နိုင်ငံတော်အတွက် အခွန်အကောက်များ အမှန်တကယ်ရရှိရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အများပြည်သူသိရှိနိုင်ရေးအတွက် မီဒီယာကဏ္ဍဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ကြရန်၊ အခွန်အခများ အပြည့်အဝရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝရရှိရေးအတွက် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် တာဝန်သိစိတ်ဖြင့် စေတနာထားဆောင်ရွက်ကြရန်၊ တရားမဝင်ကုန်သွယ်မှု တားဆီးရေးဆောင်ရွက်ရာတွင် တာဝန်ကျဝန်ထမ်းများ၏ လုံခြုံရေးနှင့် အများပြည်သူလုံခြုံရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး(၃/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များရရှိရေး ဆောင်ရွက်မှုနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး(၄/၂၀၂၂)သို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၂) ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်အတည်ပြုကြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ပူးပေါင်းဆောင်ရွက်မှုထက်သန်ခြင်း၊ အမိန့်နာခံမှု အားကောင်းခြင်းနှင့် စည်းကမ်းလိုက်နာခြင်းတို့သည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်ရေးတွင် အရေးပါသည့် အခြေခံအချက်များဖြစ်သည့်အတွက် ယင်းအလေ့အကျင့်ကောင်းများကို ဆက်လက်သယ်ဆောင်သွားကြရန်၊ နောင်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများကို လက်ဆင့်ကမ်းပေးသွားကြစေလို**

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၅၉ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**( ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )**
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၇၂၉၄ ဗိုလ်မှူးကြီးလှမျိုးရွှေ **အစား** ကြည်း၂၆၇၉၈ဗိုလ်မှူးကြီးအောင်သောင်းထိုက်

(၂) **မွန်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၆၉၃၉ ဗိုလ်မှူးကြီးနေထွဋ်ဦး **အစား** ကြည်း ၂၆၈၂၉ ဗိုလ်မှူးကြီးကျော်စွာမြင့်

(၃) **ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၆၇၅၉ ဗိုလ်မှူးကြီးလှဦး **အစား** ကြည်း ၂၄၉၇၀ ဗိုလ်မှူးကြီးစိန်ဝင်း

(၄) **ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၅၁၃၀ ဗိုလ်မှူးကြီးကျော်စွာလှိုင် **အစား** ကြည်း ၂၉၀၈၆ ဗိုလ်မှူးကြီးမိုးမင်းနိုင်

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

☆ ကျောဖုံးမှ

၃။ **ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ မိတ်ဆက်ပြောကြားမှု။**

မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာရင်းနှီးခဲ့ဖူးသည့် မိတ်ဆွေတစ်ဦး အနေဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် မည်ကဲ့သို့သော အကြံဉာဏ်များပေးရမည်ကို ဖော်ဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်၍ စိန်ခေါ်မှုများစွာရှိပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မိမိအနေဖြင့် အချက် ၄ ချက်ဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါသည်။ ပထမအချက်အနေဖြင့် မိမိတို့အကြား ဆက်သွယ်ဆောင်ရွက်နေမည့် တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လိုပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို မိမိအနေဖြင့် သိရှိထားပါသည်။ မိမိအနေဖြင့် ဒုတိယအချက်အဖြစ် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စများကိုလည်း ဆွေးနွေးလိုပါသည်။ နိုင်ငံရေးဦးတည်ချက် ၃ ရပ်၏ နောက်ဆုံးအချက်မှာ မြန်မာနိုင်ငံအနေဖြင့် "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို လိုက်နာကျင့်သုံးရေး"ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါအချက်မှာ မိမိတို့လိုလားသည့်အချက်ဖြစ်ပြီး မိမိတို့အနေဖြင့် အခြားနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးဟူသောမူဝါဒကို လက်ခံယုံကြည်ထားပါသည်။ မိမိအနေဖြင့်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ အကောင်အထည်ဖော် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres သည် ကုလသမဂ္ဂပဋိညာဉ်ကို ကာကွယ်စောင့်ရှောက်နေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ **ကုလသမဂ္ဂပဋိညာဉ်တွင် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တိကျစွာပြဋ္ဌာန်းထား**ပါသည်။ **မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား အမြဲတမ်းဖော်ပြလျက်ရှိသည်ကို မိမိအနေဖြင့် သတိပြုမိ**ပါသည်။ ကမ္ဘာပေါ်တွင် နောက်ထပ်ဖြစ်ပေါ်လာမည့် ပဋိပက္ခဖြစ်ပွားမှုများနှင့် အကြမ်းဖက်မှုများကို တားဆီးနိုင်ရန်ရည်ရွယ်၍ ကုလသမဂ္ဂအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ အဓိကအရေးကြီးဆုံးအချက်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်က အမြဲတမ်း ထုတ်ဖော်ပြောကြားလျက်ရှိသည့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုဟူသော အချက်နှင့်ပတ်သက်၍လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အမြဲတမ်းအသိအမှတ်ပြု လေးစားလျက်ရှိပါသည်။

အဆွေတော်အနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍကို အဓိကအခြေခံလျက် နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်မည်ဟု ပြောကြားခဲ့သည်ကို မိမိအနေဖြင့် မှတ်သားမိပါသည်။ မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် စီးပွားရေးစနစ်ကို လက်ရှိအခြေအနေနှင့်အညီ ဆောင်ရွက်သွားမည်ဟူသော အချက်ကိုလည်း မိမိအနေဖြင့် ကြိုဆိုလက်ခံပါသည်။ မိမိအနေဖြင့် စီးပွားရေးဆိုင်ရာကျွမ်းကျင်ပညာရှင်တစ်ဦးကို မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများ လေ့လာနိုင်ရန် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ သယံဇာတများသည် မြေအောက်ထဲ၌သာရှိနေပြီး မြေပေါ်မှတစ်ဆင့် စီးပွားရေးအဖြစ် မည်ကဲ့သို့ အသုံးချဆောင်ရွက်နိုင်မည့် နည်းလမ်းကို မြန်မာနိုင်ငံအနေဖြင့် လိုအပ်နေခြင်းဖြစ်သည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာ ကြေညာချက်စာတမ်း၌ ပထမဆုံး လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ယင်းကဲ့သို့ကောင်းမွန်သည့် သမိုင်းကြောင်းများရှိခဲ့သည့်အတွက် မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုလိုပါသည်။ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပုံဖော်နိုင်စွမ်းရှိသည့်အင်အားရှိပြီး အဆွေတော်၏ သား၊ သမီး၊ မြေး၊ မြစ်တို့၏အနာဂတ်ကို မည်ကဲ့သို့ ပုံဖော်မည်ဆိုသည့်အချက်သည်လည်း အဆွေတော်၏ လက်အတွင်း၌သာရှိပါသည်။ **မြန်မာနိုင်ငံအား မည်ကဲ့သို့ပုံဖော်၍ မည်သည့်လမ်းစဉ်များနှင့် ဆောင်ရွက်သွားမည်ဆိုသည့်အချက်ကို အဆွေတော်ချမှတ်ထားသော ဦးတည်ချက် ၉ ရပ်တွင် သိသာထင်ရှားစွာ မြင်တွေ့**ရပါသည်။

ကိစ္စအချို့နှင့်ပတ်သက်၍ မိမိအနေဖြင့် အဆွေတော်အား မေတ္တာရပ်ခံ တောင်းဆိုလိုပါသည်။ ယင်းတောင်းဆိုချက်များသည် မိမိတို့ ရှေ့ဆက်သွားမည့် အနာဂတ်လမ်းကြောင်းကို ဆက်သွယ်ဆောင်ရွက်ပေးနိုင်မည့် အခြေခံအုတ်မြစ်များပင်ဖြစ်ပါသည်။ မိမိ၏ အကြံပြုချက်များ၊ တောင်းဆိုချက်များ၊ တင်ပြချက်များသည် မြန်မာပြည်သူအားလုံးပါဝင်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် တည်ဆောက်ရာတွင် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့် အခြေခံအုတ်မြစ်များဖြစ်လိမ့်မည်ဟု မိမိအနေဖြင့် မျှော်လင့်မိပါသည်။

၄။ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြန်လည်ပြောကြား ဆွေးနွေးမှု-**

အဆွေတော်နှင့် ပထမဆုံး တွေ့ဆုံဆွေးနွေးသည့်အချိန်၌ အဆွေတော်၏သဘောထားကို သိရှိလိုသည့်အတွက် အဆွေတော်ကို ဦးစွာဆွေးနွေးပြောကြားခွင့်ပြုခြင်းဖြစ်ပါသည်။ **မိမိအနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို ဦးဆောင်၍ တာဝန်ယူဆောင်ရွက်နေ**ပါသည်။ ထို့အပြင် **မိမိအနေဖြင့် မြန်မာနိုင်ငံအား မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်ဆိုသည့်စိတ်ဖြင့် ဆောင်ရွက်လျက်ရှိ**ပါသည်။ သို့ရာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို ဦးဆောင်၍ တာဝန်ယူဆောင်ရွက်သည့်ကာလသည် အကန့်အသတ်ရှိပါသည်။ အထက်၌ ပြောကြားခဲ့သည့်ကိစ္စရပ်များအား လာမည့်ကာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်၍ တာဝန်ထမ်းဆောင်မည့် အစိုးရအဖွဲ့ကသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥပဒေကြောင်းအရပြောကြားရမည်ဆိုလျှင် မြန်မာနိုင်ငံတော်သမ္မတအဖြစ် ၂ ကြိမ်ဆက်တိုက် ၁၀ နှစ်တာကာလအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ပါသည်။ အဆိုပါကိစ္စများသည် ၁၀ နှစ်တာကာလအတွင်း အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိမည့် သမ္မတကသာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဖြစ်ပါသည်။ လက်ရှိအခြေအနေ၌ နိုင်ငံတော်အရေးပေါ် အခြေအနေကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အဓိကအားဖြင့် အဆိုပါကိစ္စများထက် ပိုမိုအရေးကြီးသည့်ကိစ္စမှာ အဆွေတော်နှင့် မိမိတို့အကြား မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည်ဆိုသည့်ကိစ္စများကိုသာ ပထမဆုံးဖြေရှင်းဆောင်ရွက်သွားမည်ဆိုလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။

- ☆ **မိမိအနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို ဦးဆောင်၍ တာဝန်ယူဆောင်ရွက်နေ**
- ☆ **မိမိအနေဖြင့် မြန်မာနိုင်ငံအား မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်ဆိုသည့် စိတ်ဖြင့် ဆောင်ရွက်လျက်ရှိ**
- ☆ **မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂ၏ အရိပ်အာဝါသကြောင့် အေးမြသည့် အရသာကို လိုလားတောင့်တနေသည့် နိုင်ငံများဖြစ်**
- ☆ **ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကမ္ဘာ့နိုင်ငံများ၏ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပုဂ္ဂိုလ်မျိုး ဖြစ်ရန် လိုအပ်**

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဆိုင်ရာကိစ္စရပ်များ၌ လိုအပ်ချက်များစွာရှိပါသည်။ ဥပမာအနေဖြင့် မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး အဆိုပါ သဘာဝသယံဇာတများကို တူးဖော်အသုံးပြုရန် နည်းပညာများလိုအပ်မှုရှိသည်ကို အဆွေတော်အနေဖြင့် အထက်၌ပြောကြားခဲ့ပါသည်။ အဆိုပါ **မြေပေါ်မြေအောက် သဘာဝသယံဇာတများသည် တိုင်းပြည်တစ်ခုအတွက် အရန်(Reserve)သာဖြစ်ပြီး တိုင်းပြည်အတွင်းရှိ မြေ၊ ရေနှင့် လူသားအရင်းအမြစ်များအသုံးပြု၍ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေရန် မည်ကဲ့သို့ဆောင်ရွက်သွားရမည်**ကို မိမိအနေဖြင့် စဉ်းစားထားပါသည်။ မြေပေါ်မြေအောက် သဘာဝသယံဇာတများကိုအသုံးပြု၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းထက် လူသားအရင်းအမြစ်များအသုံးပြု၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းကို ပိုမိုစိတ်ဝင်စားသော်လည်း ဆောင်ရွက်နိုင်မှုအားနည်းနေပါသည်။ မိမိအနေဖြင့် ပြောကြားလိုသည်မှာ အဆွေတော်၏ ပြောကြားချက်အား မိမိအနေဖြင့် လက်ခံခြင်း/လက်မခံခြင်းကို ပြောကြားလိုခြင်းမဟုတ်ပါ။ မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ကိစ္စများအား ဆွေးနွေးပြောကြားလိုပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရရှိခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ၇၅ နှစ် ပြည့်မြောက်တော့မည်ဖြစ်ပါသည်။ ကုလသမဂ္ဂတည်ထောင်ခြင်းနှစ် ၅၀ ရွှေရတုအထိမ်းအမှတ်အခမ်းအနားတွင် ယခင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာကျင့်သုံးလျက်ရှိပါသည်။

စစ်အေးကာလအတွင်း အနောက်အုပ်စုနှင့် အရှေ့အုပ်စုတို့အနေဖြင့် ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ကမ္ဘာကြီးတစ်ခုလုံးတွင် မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့ပါသည်။ မျက်မှောက်ကာလ၌လည်း ကမ္ဘာကြီးတစ်ခုလုံး မငြိမ်မသက်မှုများ ဖြစ်ပွားနိုင်သည့်အခြေအနေ ရှိနေပါသည်။ ယင်းအခြေအနေကို ရှောင်လွှဲနိုင်ရေးသည် အရေးကြီးသည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ ကုလသမဂ္ဂပဋိညာဉ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိပါ။ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ် ချမှတ်ထားသည့် ပဋိညာဉ်နှင့်အညီ ထိတွေ့ဆက်ဆံဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ယင်းကဲ့သို့ ထိတွေ့ဆက်ဆံဆောင်ရွက်မှသာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ပါသည်။ **မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂ၏ အရိပ်အာဝါသကြောင့် အေးမြသည့်အရသာကို လိုလားတောင့်တနေသည့် နိုင်ငံများဖြစ်**ပါသည်။ အဆိုပါကိစ္စသည် အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ အဓိကအားဖြင့် ကုလသမဂ္ဂသည် ဒုက္ခရောက်နေသည့်၊ အခက်အခဲရှိနေသည့်၊ လိုအပ်ချက်များရှိနေသည့် နယ်ပယ်များတွင် အကူအညီပေးအပ်ခြင်းများ ပြုလုပ်ရသည်ဟု မိမိတို့အနေဖြင့် နားလည်သဘောပေါက်ထားပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာစောင့်ထိန်းသူတစ်ဦးဖြစ်သည်ဟု အဆွေတော်အနေဖြင့် အထက်၌ ဆွေးနွေးပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံသား ဦးသန့်သည်လည်း ကုလသမဂ္ဂတွင် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မိမိအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများအနက် Mr. Kofi Annan နှင့်သာ သိကျွမ်းပြီး ၎င်းနှင့် ၃ ကြိမ် ဆွေးနွေးခဲ့ဖူးပါသည်။ **ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကမ္ဘာ့နိုင်ငံများ၏ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပုဂ္ဂိုလ်မျိုးဖြစ်ရန် လိုအပ်**ပါသည်။

မိမိအနေဖြင့် ၂၀၁၁ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၁ နှစ်ခန့် ကြာမြင့်ပြီဖြစ်ပါသည်။ အဆိုပါ ကာလအတွင်း ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ၊ အရာရှိကြီးအဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ ပြောကြားချက်များသည် တစ်ဖက်သတ်ပြောကြားချက်များဖြစ်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွက် စိတ်မကောင်းဖွယ်ရာကိစ္စများပင်ဖြစ်ပါသည်။ အဆွေတော်အနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်တွင် အဆိုပါကိစ္စကို မည်ကဲ့သို့ကျော်လွှားမည်ဟူသည့်အချက်ကို ဦးစွာဖြေရှင်းရန် လိုအပ်မည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ခန့်အပ်တာဝန်ပေးခြင်းကို လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်စေလိုသည့်အတွက် အပြုသဘောဆောင်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဆက်ဆံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ မိမိအနေဖြင့် အဆွေတော်အပေါ် ပုဂ္ဂိုလ်ရေးအရ မည်သည့်ခံစားချက်မျှမရှိပါ။ မိမိအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်အတွက် ယခုကဲ့သို့ အဆွေတော်နှင့်တွေ့ဆုံရန် သဘောတူခဲ့ခြင်းဖြစ်ပါသည်။ အခက်အခဲများစွာရှိသော်လည်း အဆွေတော် မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်နိုင်စေရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ဝင်ရောက်မစွက်ဖက်ဟု အဆွေတော်အနေဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ကျင့်သုံးနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင်လည်း ယင်းကဲ့သို့ တိကျစွာပြဋ္ဌာန်းထားပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်အနက် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြု၊ နိုင်ငံတစ်နိုင်ငံပိုင်နက်နယ်မြေ တည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန် စသည့်အချက်များ ပါဝင်ပါသည်။

**စာမျက်နှာ ၇ သို့** »»

»»» စာမျက်နှာ ၆ မှ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်က တာဝန်ယူခဲ့ရပါသည်။ မြန်မာနိုင်ငံကို တရားဥပဒေလမ်းကြောင်းအပေါ် လျှောက်လှမ်းနိုင်ရေး ပြန်လည်ဆောင်ရွက်နေသည့်အချိန်၌ ကုလသမဂ္ဂအနေဖြင့် မိမိတို့၏လုပ်ဆောင်ချက်များအပေါ် အသိအမှတ်မပြုသည်ကို တွေ့ရှိရပါသည်။ ကုလသမဂ္ဂအနေဖြင့် မည်သည့်အတွက်ကြောင့် အသိအမှတ်မပြုခြင်းနှင့်ပတ်သက်၍ မေးခွန်းများရှိလာပါသည်။ ကုလသမဂ္ဂအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဟု ပြောကြားလျက်ရှိသော်လည်း မည်သည့်အတွက်ကြောင့် မိမိတို့၏ လုပ်ဆောင်ချက်များအပေါ် အသိအမှတ်မပြုသည့်အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ကို သိရှိလိုပါသည်။ အဆွေတော်အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် စင်ကာပူလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်ခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်အစိုးရတစ်ရပ်ဖြင့် တည်ငြိမ်နေသောနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက်ကြောင့် စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်သည် မြန်မာနိုင်ငံတွင် ဆင်းသက်ခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့ အခြေအနေမဟုတ်ပါက စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်သည် မြန်မာနိုင်ငံတွင် ဆင်းသက်မည်မဟုတ်ပါ။ မြန်မာနိုင်ငံတွင် စီးပွားရေးအရ ဆောင်ရွက်နေသည့် လေကြောင်းလိုင်း ၁၆ ခု ပြေးဆွဲလျက်ရှိပါသည်။ အဆွေတော်အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၃ နာရီခန့် စောင့်ဆိုင်း၍ ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်ခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်မည့်အချိန်ကာလတွင် အဆွေတော်အနေဖြင့် ရန်ကုန်မြို့ကို လှည့်ပတ်ကြည့်ရှု၍ ရန်ကုန်မြို့မှ နေပြည်တော်သို့ မော်တော်ယာဉ်ဖြင့် လာမည်ဆိုလျှင် မြန်မာနိုင်ငံ၏ အခြေအနေကို ပိုမိုသိရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေကို အမှန်တကယ်သိရှိအောင် ဆောင်ရွက်ပြီးမှသာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခြင်းသည် ပို၍ကောင်းမွန်မည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေတည်ငြိမ်မှုရှိနေသည်ကို ကုလသမဂ္ဂက မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိနေသည်ဟု အမျိုးမျိုးထုတ်ပြန် ကြေညာနေခြင်းအပေါ် မိမိတို့အနေဖြင့် နားမလည်နိုင်ပါ။ မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့်ပတ်သက်၍ ဥပဒေလမ်းကြောင်းဖြင့်သာ အမှန်တကယ်ဆောင်ရွက်ပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်၏လိုအပ်ချက်အရ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ဖြစ်တည်လာသည့် အစိုးရဖြစ်ပါသည်။ **မိမိတို့အစိုးရသည် ဥပဒေဖြင့် လုပ်ဆောင်ရသော အဖွဲ့အစည်း ဖြစ်သည့်အတွက် ကိစ္စအားလုံးကို ဥပဒေအတိုင်းသာ ဆောင်ရွက်**ပါသည်။ ယင်းအချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂအနေဖြင့် သဘောပေါက်နားလည်စေလိုပြီး ၎င်းတို့သိရှိထားသောအချက်များနှင့် မြန်မာနိုင်ငံ၏ မြေပြင်အခြေအနေများသည် လွန်စွာကွာခြားမှုရှိနေသည်ကို မိမိအနေဖြင့် အသိပေးပြောကြားလိုပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း၊ တတိယလှိုင်း ဖြစ်ပွားခဲ့သည့်အချိန်၌ ပြင်းပြင်းထန်ထန် ခံစားခဲ့ရပြီး စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းခဲ့ပါသည်။ အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရသည်များရှိသကဲ့သို့ တစ်ဖက်တွင်လည်း ကုလသမဂ္ဂစသည့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မျှော်လင့်ခဲ့ပါသည်။ သို့ရာတွင် မည်သည့်အကူအညီမျှ ရရှိခဲ့ခြင်းမရှိပါ။ **“ကျန်ရစ်သူမရှိစေရ (Leave No One Behind)” ဟူသည့် ကုလသမဂ္ဂ၏ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ပင်လျှင် မြန်မာနိုင်ငံကို မည်သည့်အကူအညီမျှ ပေးအပ်ခဲ့ခြင်းမရှိ**ပါ။ ယင်းကိစ္စမှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းပါသည်။ လူသားတစ်ဦး၏ အသက်ရှင်သန်ရေးကိစ္စပင် ဖြစ်ပါသည်။ လူသားတစ်ဦး အန္တရာယ်ကြုံတွေ့နေရချိန်၌ စစ်မက်ဖြစ်ပွားနေသော နိုင်ငံကိုပင် အကူအညီပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံ အခက်အခဲကြုံတွေ့နေရချိန်၌ အကူအညီမပေးအပ်နိုင်စရာအကြောင်းမရှိဟု မိမိအနေဖြင့် ထင်မြင်ယူဆပါသည်။ ကံကောင်းစွာပင် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံကို များစွာအကူအညီပေးခဲ့ပါသည်။ အဆိုပါအကူအညီများကြောင့် မြန်မာနိုင်ငံသားများ၏ အသက်များစွာကို အန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ **အာဆီယံအဖွဲ့အနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)မှတစ်ဆင့် အနည်းငယ်ကူညီပေးခဲ့**ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုယ်တိုင်ရှန်းကန်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အကျပ်အတည်းများစွာ ကြုံတွေ့ခဲ့ရသည့်အချိန်တွင် အဆွေတော်တို့ဘက်က နိုင်ငံရေးအရ ဖိအားများပေးခဲ့ခြင်းဖြစ်ပါသည်။ အာဆီယံအနေဖြင့်လည်းကောင်း၊ ကုလသမဂ္ဂအနေဖြင့်လည်းကောင်း ဖိအားအမျိုးမျိုးပေးခဲ့ပါသည်။ မိမိတို့ဘက်မှ ပြန်လည်တင်ပြရန် ဆောင်ရွက်ခဲ့သော်လည်း မိမိတို့ဘက်မှ ကိုယ်စားလှယ်ကို လက်မခံခဲ့ပါ။ ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ၏ကိုယ်စားလှယ်ထားရှိရေးကို အဆုံးအဖြတ်ပေးသည့် Credential Committee နှင့်ပတ်သက်၍ အဆွေတော်တို့အနေဖြင့် စဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွင် ပထမဆုံးဖြေရှင်းရမည့်ကိစ္စမှာ ယင်းကိစ္စဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို ပြောကြားလိုပါသည်။ **မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေးအတွက် မြန်မာ့တပ်မတော်က လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်**ပါသည်။ အခြေခံဥပဒေအား မြန်မာ့တပ်မတော်က ရေးဆွဲပေးခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံရေးလောကတွင် ထင်ပေါ်ကျော်ကြားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ စသည့်အလွှာပေါင်း ၈ လွှာမှ ပုဂ္ဂိုလ်ပေါင်း ၁,၀၀၀ ကျော်က ပါဝင်ရေးဆွဲပေးခဲ့ခြင်းဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းလျက်ရှိသည့် မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့များစွာ ရှိနေပါသည်။ သို့ရာတွင် တပ်မတော်အနေဖြင့် အဆိုပါ လက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့နှင့်ပတ်သက်သည့် ပဋိပက္ခများကို ချုပ်ငြိမ်းအောင် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ခေါ်ဆောင်ဖြေရှင်းဆောင်ရွက်နေသည့်အခြေအနေကိုမူ အချို့နိုင်ငံများက သိရှိခြင်းမရှိကြပါ။ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းသည့်အချိန်၌ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ ပပျောက်အောင် ဆောင်ရွက်ရမည်ဟူသောအချက်ကို တပ်မတော်အနေဖြင့် သိရှိသည့်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံးကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလာစေရန်နှင့် ၎င်းတို့ကို တပ်မတော်၏အစိတ်အပိုင်းဖြစ်သော တရားဝင်လက်နက်ကိုင်အဖွဲ့အဖြစ် ဖွဲ့စည်းပေးရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ KNU၊ KNPP၊ KIA အဖွဲ့များသည် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လိုက်ပါလျှောက်လှမ်းလာခြင်းမရှိဘဲ လက်နက်ကိုင်လမ်းစဉ်အတိုင်းသာ ဆက်လက်လျှောက်လှမ်းခဲ့ကြပါသည်။ လက်ရှိအချိန်တွင် မြန်မာ့တပ်မတော်အတွင်း၌ တပ်မတော်ကဲ့သို့ အသွင်ပြောင်း၍ တာဝန်ထမ်းဆောင်သည့် ယခင် EAO အဖွဲ့များ တပ်ရင်း ၂၀ ကျော်ရှိပါသည်။ ၎င်းတို့အနေဖြင့် မြန်မာ့တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်ကာ တရားဝင်လက်နက်ကိုင်အဖွဲ့များအဖြစ် တည်ရှိနေကြပါသည်။ အဆိုပါအခြေအနေနှင့်ပတ်သက်၍ မည်သူကမျှ ပြောကြားခဲ့ခြင်းမရှိပါ။ မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အထွေထွေရွေးကောက်ပွဲ ၃ ကြိမ် ကျင်းပခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၃၂၅ မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲ၌ ၃၂၃ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် တတိယအကြိမ် အထွေထွေရွေးကောက်ပွဲ၌ ၃၁၅ မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပါသည်။ အထွေထွေရွေးကောက်ပွဲပြုလုပ်နိုင်သည့်နယ်မြေများ တဖြည်းဖြည်း ကျဆင်းလာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အမှန်စင်စစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်သည့်နယ်မြေအရေအတွက် မြင့်တက်လာရမည်ဖြစ်သော်လည်း အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်သည့် နယ်မြေအရေအတွက် လျော့နည်းလာရခြင်းမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိဘဲ လက်နက်ကိုင်ပဋိပက္ခများနှင့် ခြိမ်းခြောက်မှုများ ဖြစ်ပွားနေသည့်အတွက်ကြောင့် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးမှာ လွန်စွာအရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ မဲပေးခွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းသည် ဒီမိုကရေစီစနစ်အတွက် ကောင်းမွန်မှုမရှိသည့် လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ **အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတစ်ဦးတစ်ယောက်မကျန် ဆန္ဒမဲပေးနိုင်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ အစိုးရ၊ သို့မဟုတ် တိုင်းပြည်တာဝန်ယူထားသည့် အဖွဲ့အစည်းတို့၏ တာဝန်သာဖြစ်**ပါသည်။ ထို့ကြောင့် တိုင်းပြည်၌ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရှိစေရေးကို ဦးစားပေး (၁) အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းပြည်၌ နိုင်ငံရေးအခြေအနေတည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သည့်အချိန်တွင် ဒီမိုကရေစီအရ ဆောင်ရွက်ရမည့်လမ်းစဉ်များကို ဒီမိုကရေစီအရ ဆောင်ရွက်ခြင်းမရှိဘဲ အကြမ်းဖက်လမ်းစဉ်များကို ရွေးချယ်၍ လုပ်ဆောင်ခဲ့သည့် ဖြစ်စဉ်များသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးသည့်အချိန်တွင် ပေါ်ပေါက်ခဲ့ပါသည်။ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၌ တည်ငြိမ်မှုမရှိသည့်အခြေအနေမျိုး ဖြစ်ပွားခဲ့ပါသည်။ ဒီမိုကရေစီလမ်းကြောင်းအတိုင်း ဥပဒေအရဖြေရှင်းဆောင်ရွက်မည်ဆိုလျှင် ယခုကဲ့သို့ပြဿနာများ ဖြစ်ပေါ်လာမည်မဟုတ်ပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဖြစ်ပွားလျက်ရှိသည့် ပြဿနာများကြောင့်လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသော ငြင်းဆိုမှု(Decline)ပြုလုပ်သည့်ကိစ္စရပ်များကြောင့်လည်းကောင်း သက်ရောက်မှုရှိနေခြင်းကို စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်လုပ်ဆောင်လျက်ရှိသည့် ကိစ္စများ ဖြစ်ပေါ်နေသည့်ကာလများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတည်ရှိသည့် ကာလများတွင် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများကို ရပ်တန့်ပေးရန် ပြောကြားခဲ့ပါသည်။ အကြမ်းဖက်မှုကိစ္စနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုလျှင် အကြမ်းဖက်မှုများကို မိမိတို့က ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများကို အကြမ်းဖက်သမားများက လာရောက်တိုက်ခိုက်၍သာ မိမိတို့အနေဖြင့် ပြန်လည်ခုခံရခြင်းဖြစ်ပါသည်။ အနီးဆုံးဖြစ်စဉ်အနေဖြင့် ယနေ့ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၏အနောက်ဘက် စစ်ကိုင်းတိုင်းဒေသကြီးရှိ တံတားပေါ်၌ ကားတစ်စီးပေါ်ရှိ ခရီးသည်များအား အကြမ်းဖက်သမားများက ခေးစာခံလုပ်၍ ပစ်ခတ်မှုများ ပြုလုပ်ခဲ့ရာ ခရီးသည်များနှင့် အဆိုပါအကြမ်းဖက်သမားများ သေဆုံးမှုဖြစ်ပွားခဲ့ပါသည်။ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ သံဃာတော်များကို သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်မှုများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါအကြမ်းဖက်မှုများသည် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာသည့်ကိစ္စများ ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အဆိုပါ အကြမ်းဖက်မှုကိစ္စများကို ပြောကြားခြင်းမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုကို ဒီမိုကရေစီနည်းလမ်းကျစွာ ဆောင်ရွက်ခြင်းမရှိဟူ၍ ပြောကြားလျက်ရှိပါသည်။ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် ကိစ္စများနှင့်ပတ်သက်၍ အခြေအနေအမှန်ကို သုံးသပ်စေလိုပါသည်။

☆ မိမိတို့အစိုးရသည် ဥပဒေဖြင့် လုပ်ဆောင်ရသော အဖွဲ့အစည်း ဖြစ်သည့်အတွက် ကိစ္စအားလုံးကို ဥပဒေအတိုင်းသာဆောင်ရွက်

☆ ကျန်ရစ်သူမရှိစေရ (Leave No One Behind) ဟူသည့် ကုလသမဂ္ဂ၏ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ပင်လျှင် မြန်မာနိုင်ငံကို မည်သည့်အကူအညီမျှ ပေးအပ်ခဲ့ခြင်းမရှိ

☆ အာဆီယံအဖွဲ့အနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre)မှတစ်ဆင့် အနည်းငယ်ကူညီပေးခဲ့

☆ မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေးအတွက် မြန်မာ့တပ်မတော်က လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်

စာမျက်နှာ ၈ သို့ »»»

»»» **စာမျက်နှာ ၇ မှ**

**၅။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ အမြဲမပြတ်တွေ့ဆုံဆွေးနွေးနိုင်ရေး ကမ်းလှမ်းချက်နှင့် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်အပေါ် ဆွေးနွေးပြောကြားမှု–**

အခြေအနေများကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ရန် နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်ယုံကြည်မှုများ လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် မြေပြင်အခြေအနေမှန်များကို သိရှိသုံးသပ်ပြီး သတင်းပို့တင်ပြခြင်းသည် ကောင်းမွန်မည်ဆိုသည့်အချက်ကို မိမိအနေဖြင့် လက်ခံပါသည်။ ပထမတင်ပြလိုသည့်အချက်မှာ အဆွေတော်နှင့် မိမိတို့အကြား အမြဲမပြတ်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၍ တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်သွားရန် အဆိုပြုပြောကြားလိုပါသည်။ ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို အသိအမှတ်ပြုမှုနှင့် မြန်မာနိုင်ငံကို ကုလသမဂ္ဂတွင် အသိအမှတ်ပြုမည့်ကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံကို တရားဝင် ကိုယ်စားပြုမှုနှင့် မြန်မာနိုင်ငံကို အသိအမှတ်ပြုမှုအခွင့်အာဏာသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံတွင်မရှိပါ။ မြန်မာနိုင်ငံ၏ကိုယ်စားပြုမှုကို အသိအမှတ်ပြုနိုင်သည်မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင်သာရှိပါသည်။ သို့ဖြစ်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာနိုင်ငံအား ကူညီနိုင်မည့်နည်းလမ်းပေါင်းစုံကို ရှာဖွေလျက်ရှိပါသည်။ အာဆီယံနှင့် မြန်မာနိုင်ငံအကြား သဘောတူညီခဲ့သည့် ဘုံသဘောတူညီချက် ၅ ရပ်တွင် ပါဝင်သည့် အကြမ်းဖက်မှုများ အမြန်ဆုံးချုပ်ငြိမ်းရေးဟူသည့် အချက်တစ်ချက်ပါဝင်ပါသည်။ အဆိုပါအချက်သည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အဖြေရှာမှုများပြုလုပ်ရာတွင် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ **မိမိသည် မြန်မာနိုင်ငံတွင် နှစ်ဖက်စလုံးမှ အကြမ်းဖက်မှုများ ပြုလုပ်နေသည်ဟူသည့်အချက်ကို ပထမဆုံး အသိအမှတ်ပြုခဲ့သူ တစ်ဦးဖြစ်**ပါသည်။ **မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ပြည်သူလူထု၏ ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟူသည့် အသုံးအနှုန်းကို ပထမဆုံးသုံးနှုန်းပြောဆိုခဲ့သူတစ်ဦးလည်းဖြစ်ပါ**သည်။ **မိမိအနေဖြင့် “Myanmar Led, Myanmar Way” ဟူသည့် ဆောင်ပုဒ်ကို အသိအမှတ်ပြု**ပါသည်။

**၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အပြုသဘောဆောင်သော တုံ့ပြန်ဆွေးနွေးချက်–**

အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ကာ လေ့လာမှုများပြုလုပ်ပြီး အခြေအနေကြည့်၍ အခြားသောပုဂ္ဂိုလ်များနှင့် ဆွေးနွေးပြောကြားမှုများ ပြုလုပ်သွားမည်ဟု အထက်တွင် ပြောကြားခဲ့ပါသည်။ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာပြီးနောက် သက်ဆိုင်ရာသို့ သတင်းပို့တင်ပြရမည်ဖြစ်ပါသည်။ ထိုသို့ သတင်းပို့တင်ပြသည့်အချိန်တွင် ၎င်းတို့ဘက်က မည်ကဲ့သို့ တုံ့ပြန်ပြီး မည်သည့်မှတ်ချက်များ ပေးအပ်မည်ဟူသည့်အချက် အပေါ်တွင် များစွာ မူတည်ပါသည်။ အဆွေတော်အနေဖြင့် မည်သည့် အချက်များကိုတွေ့ရှိကာ သက်ဆိုင်ရာသို့ မည်ကဲ့သို့ သတင်းပို့တင်ပြသွားမည်ဟူသည့်အချက်အပေါ်လည်း မိမိတို့အနေဖြင့် လေ့လာကြည့်ရှုရမည်ဖြစ်ပါသည်။ မိမိတို့အကြားတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ မိမိတို့အနေဖြင့် အကြမ်းဖက်လုပ်ရပ်များကိုတုံ့ပြန်ရာ၌ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် မိမိတို့အား တိုက်ခိုက်လာလျှင် မဖြစ်မနေပြန်လည်တိုက်ခိုက်မှု ပြုလုပ်ရမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထုကိုထိခိုက်အောင် ပြုလုပ်လာလျှင် ပြန်လည်တိုက်ခိုက်မှု ပြုလုပ်သွားရမည်ဖြစ်ပါသည်။ မိမိအနေဖြင့် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်နှင့်ပတ်သက်၍ လက်ရှိအချိန်အထိ ပြန်လည်ရည်ညွှန်းပြောဆိုခြင်း(Refer) မရှိသေးပါ။ မိမိတို့ ပြောကြားနေသည့်အချက် ၅ ရပ်မှာ နိုင်ငံတော်ကကျင့်သုံးနေသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ နိုင်ငံတစ်နိုင်ငံပိုင်နက်နယ်နိမိတ် တည်တံ့ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန်၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား ကျူးကျော်တိုက်ခိုက်ခြင်းမပြုရန်တို့သာ ပါဝင်ပါသည်။ မိမိတို့ အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်လျက်ရှိပါသည်။ **အဆွေတော် လာရောက်သည့် ယခုခရီးစဉ်သည် တရားဝင်ခရီးစဉ်ဖြစ်ပြီး လက်ရှိ အဆွေတော်တည်ရှိနေသည့်နေရာသည် နိုင်ငံတော်သမ္မတ၏ ဧည့်ခန်းမဖြစ်**ပါသည်။ **အဆွေတော်အနေဖြင့် အချုပ်အခြာ အာဏာပိုင်ဆိုင်သည့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်**ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ အဆိုပြုချက်ကို လက်ခံခြင်းမရှိပါက အခြားဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ အဆိုပြုချက်များကိုလည်း လက်ခံခြင်းမပြုစေလိုပါ။

**၇။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် ပြောကြားချက်–**

မိမိအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ ထောက်ပြဆွေးနွေးနိုင်သည့် အခွင့်အာဏာသာရှိပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ မိမိအနေဖြင့် ယခုကဲ့သို့ လာရောက်၍ တွေ့ဆုံဆွေးနွေးခြင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မှာကြားချက်များကို အဆွေတော်ထံသို့ လာရောက်၍ ရှင်းလင်းပြောကြားပေးခြင်းသာ ဖြစ်ပါသည်။ အဆွေတော်ကို ဆောင်ရွက်စေလိုသည့် အချက် ၂ ချက် ရှိပါသည်။ အဆိုပါအချက် ၂ ချက်မှာ မြန်မာနိုင်ငံ၏နေရာဒေသအချို့တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း မပြုလုပ်ရန်နှင့် ပြည်သူလူထုနေထိုင်ရာ ရပ်ရွာများ၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း မပြုလုပ်ရန် ဖြစ်ပါသည်။

**၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို တုံ့ပြန်ပြောကြားချက်–**

အချက် ၂ ချက်နှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ မိမိတို့ကို လာရောက်တိုက်ခိုက်သည့် သောင်းကျန်းသူများတည်ရှိရာနေရာသို့ ပစ်မှတ်ထား၍ မိမိတို့ဘက်က တိုက်ခိုက်ခြင်းဖြစ်ပါသည်။ အဆိုပါ သောင်းကျန်းသူများက မိမိတို့ကို မတိုက်ခိုက်လျှင် မိမိတို့ကစတင်၍ တိုက်ခိုက်မည်မဟုတ်ပါ။ လက်နက်ကိုင်၍ ဆန့်ကျင်တိုက်ခိုက်ခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကမျှ လက်ခံမည်မဟုတ်ပါ။ ပြည်သူလူထုနေထိုင်ရာ နေအိမ်များ၊ ရပ်ရွာများကို မီးရှို့သည့်ကိစ္စသည် လုံးဝမှားယွင်းသည်ဟု မိမိအနေဖြင့် ပြောကြားလိုပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားသည့်အချိန်တွင်လည်း မိမိတို့အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဥပမာအနေဖြင့် ပြောကြားရမည်ဆိုလျှင် မြန်မာနိုင်ငံရှိ ဒုက္ခသည်များကို နီပွန်ဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးနေသည်များရှိပါသည်။ ထို့အပြင် အခြားအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးနေသည်များလည်းရှိပါသည်။ **သာမန်အားဖြင့် စဉ်းစားကြည့်မည်ဆိုလျှင်ပင် မိမိတို့တာဝန်ယူဆောင်ရွက်ပေးရမည့် ဒုက္ခသည်များကို မိမိတို့က ဒုက္ခရောက်စေရန် နေအိမ်များမီးရှို့ဖျက်ဆီးသည်ဟူသောအချက်မှာ မဖြစ်နိုင်သည်ကို သိရှိနိုင်**ပါသည်။ ပြည်သူလူထု၏ နေအိမ်များအား မိမိတို့က မီးရှို့ဖျက်ဆီးသည်ဟူသောအချက်ကို မိမိအနေဖြင့် လုံးဝငြင်းဆိုပါသည်။

**၉။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂတို့အကြား ဆက်လက်လက်တွဲဆောင်ရွက်နိုင်ရေးကမ်းလှမ်းပြောကြားမှု–**

**မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကောင်းမွန်သော သမိုင်းကြောင်းရှိခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ ပြန်လည်ပါဝင်နိုင်စေရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres ကလည်းဆန္ဒရှိ**ပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံကို တန်ဖိုးထားလေးစားပါသည်။ ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံတွင် အကျဉ်းသားများကို သေဒဏ်ပေးအပ်သည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားလိုပါသည်။ ဖြစ်ပြီးသားကိစ္စများမှာ ဖြစ်ပျက်ခဲ့ပြီးသောကြောင့် နောက်ထပ် သေဒဏ်ချမှတ်စီရင်သည့်ကိစ္စများကို သနားညှာတာမှု၊ လူသားချင်းစာနာထောက်ထားမှုတို့ဖြင့်ထောက်ရှု၍ ဖြေလျှော့မှုများကို လုပ်ဆောင်နိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ အဆွေတော်ကိုယ်တိုင်သည်လည်း သနားညှာတာမှုရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အတွက် နောက်နောင်တွင် သေဒဏ်ချမှတ်စီရင်မည့်ကိစ္စများကို သနားညှာတာမှုရှိစွာ ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။ တတိယအချက်အနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးကိစ္စများကို မည်ကဲ့သို့ ဆောင်ရွက်သွားမည်နှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးကိစ္စများကို Channel တစ်ခုထဲမှမဟုတ်ဘဲ အခြားဆက်သွယ်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများစွာမှတစ်ဆင့် ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါသည်။ မြန်မာနိုင်ငံသို့ မလာရောက်မီ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Prak Sokhonn နှင့်လည်း တွေ့ဆုံခဲ့ပါသည်။ Mr. Prak Sokhonn သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တွေ့ဆုံကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်နိုင်မည့်နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ အချိန်ရရှိမည်ဆိုပါက ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်လိုပါသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi မြန်မာနိုင်ငံသို့ လာရောက်ခဲ့ချိန်တွင် အဆွေတော်အနေဖြင့် အားလုံးပါဝင်သော ဆွေးနွေးပွဲများနှင့် အပြုသဘောဆောင်သော ဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်ကို မိမိအနေဖြင့် သိရှိထားပါသည်။

**၁၀။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြောကြားချက်–**

အားလုံးပါဝင်နိုင်သော တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍ လုပ်ဆောင်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံသကဲ့သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) အနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အနေဖြင့်လည်း နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တွေ့ဆုံဆွေးနွေးလိုပါက ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် တွေ့ဆုံနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် **အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံလိုသော်လည်း နိုင်ငံတော်ကိုဆန့်ကျင်လျက်ရှိသည့်အဖွဲ့များနှင့် တွေ့ဆုံရေးနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုပါက ၎င်းတို့အနေဖြင့် လုပ်ဆောင်ချက်အားလုံးကို ဦးစွာရပ်ဆိုင်း၍ တရားဝင်တွေ့ဆုံမှုပြုလုပ်ရန် လိုအပ်**ပါသည်။ ယင်းကဲ့သို့မဟုတ်ဘဲ လမ်းဘေးတွင်စကားပြောသည့် ပုံစံမျိုးဖြင့် ပြောဆို၍မရပါ။ Gentlemen’s Agreement ကိုလည်း ပြုလုပ်ရန် လိုအပ်ပါသည်။ မိမိအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဖိတ်ခေါ်ခဲ့ပါသည်။ လက်ရှိအချိန်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ လာမည့်ရက်သတ္တပတ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါသည်။ ထို့အပြင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် တတိယအကြိမ် ပြန်လည်တွေ့ဆုံဆွေးနွေးမည် ဖြစ်ပါသည်။ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ တရားဝင်ဖြစ်သည့်နိုင်ငံရေးပါတီများနှင့် အချိန်မရွေး တွေ့ဆုံနိုင်သော်လည်း **နိုင်ငံတော်ကိုဆန့်ကျင်၍ အကြမ်းဖက်တိုက်ခိုက်နေသူများနှင့် ဆွေးနွေးသွားမည်ဆိုသည့်အချက်မှာ လုံးဝမဖြစ်နိုင်ပါ၊ အကြမ်းဖက်တိုက်ခိုက်မှုများ လုံးဝမဖြစ်စေရန် ၎င်းတို့ဘက်က ပထမဆုံးတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်**ပါသည်။ ၎င်းတို့အနေဖြင့် ယင်းကဲ့သို့ တာဝန်ယူဆောင်ရွက်ပေးလျှင်

**စာမျက်နှာ ၉ သို့** »»»

**☆ သာမန်အားဖြင့် စဉ်းစားကြည့်မည်ဆိုလျှင်ပင် မိမိတို့တာဝန်ယူဆောင်ရွက်ပေးရမည့် ဒုက္ခသည်များကို မိမိတို့က ဒုက္ခရောက်စေရန် နေအိမ်များမီးရှို့ဖျက်ဆီးသည်ဟူသောအချက်မှာ မဖြစ်နိုင်သည်ကို သိရှိနိုင်**

**☆ အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံလိုသော်လည်း နိုင်ငံတော်ကိုဆန့်ကျင်လျက်ရှိသည့်အဖွဲ့များနှင့် တွေ့ဆုံရေးနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုပါက ၎င်းတို့အနေဖြင့် လုပ်ဆောင်ချက်အားလုံးကို ဦးစွာရပ်ဆိုင်း၍ တရားဝင်တွေ့ဆုံမှုပြုလုပ်ရန်လို**

**☆ နိုင်ငံတော်ကိုဆန့်ကျင်၍ အကြမ်းဖက်တိုက်ခိုက်နေသူများနှင့် ဆွေးနွေးသွားမည်ဆိုသည့်အချက်မှာ လုံးဝမဖြစ်နိုင်ပါ၊ အကြမ်းဖက်တိုက်ခိုက်မှုများ လုံးဝမဖြစ်စေရန် ၎င်းတို့ဘက်က ပထမဆုံး တာဝန်ယူဆောင်ရွက်ပေးရမည်**

»»» **စာမျက်နှာ ၈ မှ**

မိမိတို့ဘက်က တွေ့ဆုံဆွေးနွေးနိုင်မည့်လမ်းစကို ရှာဖွေပေးသွားမည်ဖြစ်ပါသည်။ သေဒဏ်ချမှတ်သည့်ကိစ္စနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုလျှင် မိမိတို့တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အတွက် အာဏာရှိသော်လည်း ဥပဒေ၏ပြင်ပမှနေ၍ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ၎င်းတို့အနေဖြင့် လွန်စွာဆိုးရွားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့သောကြောင့် ယင်းကဲ့သို့ အပြစ်ပေးအရေးယူခံရခြင်းဖြစ်ပါသည်။ ၎င်းတို့အနက် အချို့မှာ လူ ၄၊ ၅၊ ၆ ဦးကို သတ်ဖြတ်ခဲ့သူများ ဖြစ်ပါသည်။ အဆွေတော်အနေဖြင့် အဆွေတော်၏ မိတ်ဆွေသားချင်းများ အသတ်ခံရလျှင် မည်ကဲ့သို့ ခံစားရမည်ကို မေးမြန်းလိုပါသည်။ ထိုက်သင့်သောအရေးယူမှုများကို ပြုလုပ်ရမည်ဖြစ်ပြီး နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးအရ ယင်းကဲ့သို့ အပြစ်ပေးဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**၁၁။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ကလေးသူငယ်များ အရေးယူဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြောကြားချက်–**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres အနေဖြင့် မြန်မာနိုင်ငံကို ကူညီပေးနိုင်မည့်နည်းလမ်းအားရှာဖွေ၍ မြန်မာနိုင်ငံကို နိုင်ငံတကာ အသိုက်အဝန်းသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရန် စိတ်အားထက်သန်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသည့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်လွှတ်ပေးမည်ဆိုလျှင် နိုင်ငံတကာ၏ မြန်မာနိုင်ငံအပေါ် ယုံကြည်မှုများ ပိုမိုမြင့်တက်လာမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်လွှတ်ပေးရန်မှာ ခက်ခဲသည့်ကိစ္စတစ်ခုဖြစ်သည်ကိုလည်း မိမိအနေဖြင့် သိရှိထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားသည့် ဩစတြေးလျ စီးပွားရေးပညာရှင် Mr. Sean Turnell ကိုပြန်လွှတ်ပေးမည်ဆိုလျှင် မြန်မာနိုင်ငံနှင့်ဩစတြေးလျနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုကို ဖော်ညွှန်းပြသနိုင်သည့် အခြေအနေတစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ အဆွေတော်အနေဖြင့် ကလေးငယ်များ၏ ပညာရေးနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်သည်ကိုလည်း မိမိအနေဖြင့်သိရှိထားပါသည်။ သို့ဖြစ်၍ အကျဉ်းထောင်အတွင်း၌ ဖမ်းဆီးထိန်းသိမ်းထားသည့် ကလေးငယ်များရှိပါက ပြန်လည်လွှတ်ပေးရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါသည်။

**၁၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အရေးယူဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုအား တုံ့ပြန်ပြောကြားမှု–**

ကလေးငယ်များနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုလျှင် မိမိတို့ အရေးယူ ဖမ်းဆီးထိန်းသိမ်းထားသည့် ကလေးငယ်များ၌ အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ် လူငယ်အနည်းစုပါဝင်ပါသည်။ ၎င်းတို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အသက်ညှာဆုံး အရေးယူဆောင်ရွက် မှုများ ပြုလုပ်ခဲ့ပါသည်။ Mr. Sean Turnell ကိစ္စတွင်လည်း ဩစတြေးလျနိုင်ငံအစိုးရအနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များဆောင်ရွက်မည်ဆိုလျှင် မိမိတို့အနေဖြင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ တင်းမာစွာဆောင်ရွက်ရမည့်အခြေအနေမျိုးမရှိပါ။ Mr. Sean Turnell ကိစ္စနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိရသည့် အချက်အလက်များမှာ ၎င်းအား ကြီးလေးသောပြစ်ဒဏ်ချမှတ်နိုင်သည့် သက်သေအထောက်အထားများဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် အပြစ်မဲ့ပြည်သူ ၃,၅၀၀ ဦးခန့် သေဆုံးခဲ့ရပါသည်။ အဆိုပါသေဆုံးသူများမှာ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခြင်းမရှိဘဲ သတ်ဖြတ်ခံခဲ့ရသူများဖြစ်ပါသည်။အပြစ်မဲ့ပြည်သူများသေဆုံးမှုတွင် ကျောင်းဆရာ၊ ဆရာမ ၄၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၂ ဦး၊ သံဃာတော် ၅၃ ပါး၊ သီလရှင် ၁ ပါးနှင့် ကလေးသူငယ် ၈၂ ဦးပါဝင်ပါသည်။ အဆိုပါသေဆုံးသူများ၏ မိဘများ၊ ဆွေမျိုးသားချင်းများကို မိမိတို့အနေဖြင့် မည်ကဲ့သို့ နှစ်သိမ့်ပေးရမည်ကို သိရှိလိုပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres သည် ကမ္ဘာတစ်ဝန်းလုံးကို ကိုယ်စားပြုသူတစ်ဦးဖြစ်သကဲ့သို့ မိမိသည်လည်း မြန်မာနိုင်ငံကို ကိုယ်စားပြုသူတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်၍ မိမိအနေဖြင့် မြန်မာနိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတို့နှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၁၃။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ဘင်္ဂါလီကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးချက်**

ပဋ္ဌမမြောက်အချက်အဖြစ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားလျက်ရှိသည့်ကိစ္စရပ်ကို ဆွေးနွေးလိုပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်သွားရောက်မည် ဖြစ်သည့်အတွက် မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ဒုက္ခသည် ၁ ဒသမ ၂ သန်းကျော် ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့အကြား သဘောတူညီမှုများပြုလုပ်၍ ဒုက္ခသည်များ နေရပ်ပြန်လာနိုင်ရေးအတွက် ဆောင်ရွက်နေသည့် ကိစ္စများရှိသည်ဟု သိရှိထားပြီး Pilot Project အနေဖြင့် ဒုက္ခသည်ဦးရေ ၁,၀၀၀ ကျော်ကို နေရပ်သို့ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်ဟု သိရှိထားပါသည်။ ရခိုင်ပြည်နယ်သို့ ဒုက္ခသည်များ လုံခြုံဘေးကင်းစွာ ပြန်လာနိုင်ရေးနှင့် ၎င်းတို့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်သွားနိုင်မည်ဟူသည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားလိုပါသည်။ (မှတ်ချက် – <u>ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အနေဖြင့် ၎င်းကိစ္စအား ဆွေးနွေးရာတွင် ရိုဟင်ဂျာဟူ၍ ပြောဆိုသုံးနှုန်းခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။</u>)

**၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်္ဂါလီကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီချက်များ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုကိုရှင်းလင်းမှု–**

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည့် ဘင်္ဂါလီများကို ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ သဘောတူညီမှုရှိခဲ့ပါသည်။ မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား အဆိုပါကိစ္စနှင့်ပတ်သက်၍ ၁၉၉၂ ခုနှစ်၌ သဘောတူညီခဲ့သည့်အချက် ၄ ချက်ရှိပါသည်။ ပထမအချက်မှာ မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများ ဖြစ်ရန်နှင့် အခြားအချက်များအနေဖြင့် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူများ၊ မြန်မာနိုင်ငံတွင်နေထိုင်သည့် သက်သေအထောက်အထားပြနိုင်သူများ ဖြစ်ရန်ဟူ၍ ဖြစ်ပါသည်။ ထို့အပြင် မိမိတို့အကြား အဆိုပါသဘောတူညီချက် ၄ ချက်အား ၂၀၁၇ ခုနှစ်တွင် အချက် ၁ ချက် ထပ်မံတိုး၍ သဘောတူညီမှုကို ပြုလုပ်ခဲ့ပါသည်။ ယင်းထပ်တိုးအချက်မှာ မွေးဖွားခဲ့သူများအနေဖြင့် တရားရုံးမှ ထောက်ခံချက်များပါရှိရန်ဟူ၍ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ၎င်းတို့ကို ပြန်လည်လက်ခံပေးမည်ဟု ပြောကြားခဲ့ပါသည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းမရှိပါ။ ဒုက္ခသည်များစာရင်းနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တောင်းခံခဲ့ရာတွင် နှစ်နိုင်ငံအကြား သဘောတူညီထားသည့်ပုံစံအတိုင်း ပေးအပ်ခြင်းမရှိဘဲ ၎င်းတို့ပေးအပ်လိုသည့်ပုံစံဖြင့်သာ စာရင်းများပေးအပ်လာသည့်အတွက် မိမိတို့အနေဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ **မြန်မာနိုင်ငံ၌ လူဦးရေ ၅၅ သန်းခန့်ရှိပြီး ၅ ရာခိုင်နှုန်းမှာ အစ္စလာမ်ဘာသာဝင်များဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် အစ္စလာမ်ဘာသာနှင့် ပတ်သက်၍ မည်သည့် ပြဿနာတစ်စုံတစ်ရာမျှ ဖြစ်ပွားခဲ့ခြင်းမရှိပါ။** ယင်းကိစ္စနှင့်ပတ်သက်၍ အဆွေတော်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်၍ ဆွေးနွေးမှုများပြုလုပ်နိုင်သည့်အပြင် မိမိတို့အနေဖြင့်လည်း ယင်းကိစ္စရပ်အား အချိန်မရွေး ပြန်လည်ဆွေးနွေးပေးရန် အသင့်ရှိပါသည်။ မိမိတို့ဘက်က အကြိမ်ကြိမ်ဖိတ်ခေါ် ခဲ့သော်လည်း ၎င်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးပြ၍ ဆက်လက်ဆောင်ရွက်ခြင်း မရှိခဲ့ခြင်းဖြစ်ပြီး အဓိကပြဿနာရပ်မှာ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားမဟုတ်သော ဘင်္ဂါလီလူမျိုးများသာဖြစ်သော်လည်း ၎င်းတို့ဘက်က ကိုယ့်ကိုယ်ကိုယ် ရိုဟင်ဂျာဟူ၍ အမည်တပ်ကာ ဆောင်ရွက်နေခြင်းကို မိမိတို့အနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိခြင်းပင်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော ဒုက္ခသည်များကို မြန်မာနိုင်ငံ၏ဥပဒေအရ ပြန်လည်စိစစ်လက်ခံပေးသွားမည်ဖြစ်ပြီး ဥပဒေအရဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာမှတစ်ဆင့်တောင်းဆို၍ လုပ်ဆောင်ခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ မိမိတို့အနေဖြင့် ဘင်္ဂါလီများကို လုံးဝလက်ခံနိုင်ခြင်းမရှိဟု ပြောကြားနေခြင်းမဟုတ်ဘဲ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခဲ့သည့် အထောက်အထားပြသနိုင်မည်ဆိုလျှင် လက်ခံပေးသွားမည်ဖြစ်ပါ သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့လည်း ကူညီပေးနိုင်ရေး မေတ္တာရပ်ခံထားပါသည်။ မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံ ၅ နိုင်ငံရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှအပ အခြား ၄ နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံနှင့်ပတ်သက်၍ ရွေးချယ်ပိုင်ခွင့်မရှိပါ။ မည်သို့ပင်ဆိုစေကာမူ အပြုသဘောဆောင်သည့် ဆက်ဆံရေးဖြင့် ဆက်ဆံဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**၁၅။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်းနှင့်ပတ်သက်၍ဆွေးနွေးချက် –**

နောက်ဆုံးအချက်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို တရားဝင်ပြစ်ဒဏ်များ ချမှတ်ခြင်းမပြုလုပ်မီ ၎င်း၏နေအိမ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေး ကိစ္စဖြစ်ပါသည်။ မိမိအား ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခွင့်ပြုရန် တောင်းဆိုလိုပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားကွဲလွဲနေသူများအကြား ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရှုမြင်ထားပါသည်။

**၁၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နေမှုများအပေါ် ရှင်းလင်းဆွေးနွေးမှု –**

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၎င်း၏မိခင်နှင့်အတူ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံခြားသို့ ထွက်ခွာသွားပြီး မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်ခြင်းမရှိဘဲ မိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေကြောင့်သာ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်ကြိမ်ဖန်များစွာ တွေ့ဆုံခဲ့ဖူးပါသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် နောက်ဆုံးအကြိမ်တွေ့ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေကြောင်းအရ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပါသည်။ မိမိတို့ဘက်က ယင်းကဲ့သို့ တောင်းဆိုမှုများပြုလုပ်ခဲ့သော်လည်း ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်ချက်များ ဆောင်ရွက်ခဲ့သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်အပေါ် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ရခြင်းဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ယင်းကိစ္စရပ်အား ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ခဲ့မည်ဆိုလျှင် လက်ရှိဖြစ်ပေါ် နေသည့်ကိစ္စများ လုံးဝဖြစ်လာမည်မဟုတ်ပါ။ ၎င်းတို့အနေဖြင့် ယင်းကိစ္စရပ်အား ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်မှု မပြုနိုင်သည့် အကြောင်းအရင်းများစွာ ရှိပါသည်။ ယင်းကိစ္စရပ်အား မိမိတို့အနေဖြင့် ၎င်းအား ဥပဒေနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပေါ်ဥပဒေအရ တရားစီရင်မှုကိစ္စများ ပြီးဆုံးပြီးနောက် မိမိတို့၏လုပ်ဆောင်ချက်အပေါ် တုံ့ပြန်လာမှုများကိုမူတည်၍ ၎င်းအပေါ် စဉ်းစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ယခုထက်ပိုမိုအရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်သော်လည်း သက်ညှာသောအားဖြင့် မပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် **ဒီမိုကရေစီနှင့် ဒီမိုကရေစီကိုဆန့်ကျင်သည့်အရာကို ဦးစားပေးနှိုင်းယှဉ်လာလျှင် မိမိအနေဖြင့် ဒီမိုကရေစီကို ဦးစားပေး၍ ဆောင်ရွက်မည်ဖြစ်**သောကြောင့် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များ လုပ်ဆောင်ပြီးလျှင် မိမိအနေဖြင့် ၎င်းအပေါ် စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ တရားစွဲဆိုခြင်းကိစ္စရပ်အား ဥပမာအနေဖြင့် ပြောကြားရမည်ဆိုလျှင် မလေးရှားနိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Najib Razak ကို တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံသမ္မတဟောင်း Ms. Park Geun–hye ကိုလည်း ဥပဒေအရလုပ်ဆောင်ခဲ့ပါသည်။ ၎င်းတို့သည် နိုင်ငံရေးသမားများဖြစ်သည့်အပြင် ဥပဒေကိုနားလည်သဘောပေါက်၍ လိုက်နာရသည့်သူများဖြစ်သောကြောင့် ဥပဒေအရ ရင်ဆိုင်၍ ပြန်လည်ဖြေရှင်းရန် တာဝန်ရှိပါသည်။ အလားတူ မိမိတို့အနေဖြင့်လည်း ဥပဒေအရ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့အနေဖြင့် အဆိုပါကိစ္စများကို ဥပဒေအရ စဉ်းစားဆောင်ရွက်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ယခုအချိန်တွင် မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်သွားမည်ကိုပြောရန် အချိန်စောလွန်းသေးပါသည်။ မိမိတို့အနေဖြင့် **ဒေါ်အောင်ဆန်းစုကြည်အပေါ် အထူးအခွင့်အရေးပေး၍ နေအိမ်ကဲ့သို့ထားရှိကာ ဆောင်ရွက်ပေးထား**ပါသည်။ အဆွေတော်ပြသသည့် The Charter Of The United Nations စာအုပ်သည် မိမိထံတွင်လည်းရှိပြီး စိတ်ဝင်စားမှုရှိပါသည်။ သို့ရာတွင် **UN Charter ဆိုသည်မှာ စာရွက်ပေါ်တွင်သာ ရှိရမည်မဟုတ်ဘဲ အမှန်တကယ်လိုက်နာဆောင်ရွက်ရန် လိုအပ်**ပါသည်။

**၁၇။ သီးခြားဖော်ပြချက်**

ကုလသမဂ္ဂတာဝန်ရှိသူများအနေဖြင့်၎င်းတို့မှအများပြည်သူသို့ ထုတ်ပြန်ချက်များတွင် အစိုးရ၏ တုံ့ပြန်ပြောကြားချက်များကို မျှတစွာထည့်သွင်းဖော်ပြရန် ကျင့်ဝတ်အရလိုအပ်သော်လည်း အထူးကိုယ်စားလှယ်၏ (၁၇–၈–၂၀၂၂) ရက် ထုတ်ပြန်ချက်သည် ယင်းကိုလိုက်နာခြင်းမရှိကြောင်း တွေ့ရှိရသည်။ ယင်းထုတ်ပြန်ချက်ကြောင့် နိုင်ငံတကာအသိုက်အဝန်းက အထင်အမြင်လွဲမှားစေနိုင်ပြီး အများပြည်သူက နားလည်မှုလွဲမှားစေနိုင်သည်။

အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်သည် ပြည်ပနှင့် ပြည်တွင်းရှိ တရားမဝင်နှင့် အကြမ်းဖက်အဖွဲ့များမှပေးပို့သော သတင်းမှားများအပေါ်အခြေခံ၍ ဆွေးနွေးတောင်းဆိုမှုများ ဖြစ်သဖြင့် မြန်မာနိုင်ငံဘက်မှ ပကတိဖြစ်ရပ်မှန်များ၊ သတင်းအချက်အလက်အထောက်အထားများ ပြည့်စုံစွာဖြင့် ပြန်လည်ရှင်းပြခဲ့ခြင်းများကို ထင်ဟပ်ဖော်ပြခြင်းမပြုဘဲ ယင်းတို့၏ တစ်ဖက်သတ်ပြောကြားမှုများသာဖြစ်ပြီး နှစ်ဦးနှစ်ဖက် အပြုသဘော ပူးပေါင်းဆွေးနွေးမှုများအပေါ် အနှောင့်အယှက်အဟန့်အတားဖြစ်စေနိုင်သဖြင့် ဆွေးနွေးချက်များကို ပြည့်စုံစွာ ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေး အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း၏ (၅)ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်




နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေးနှင့် ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းတို့သည် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(AACC– The Association of Asian Constitutional Courts and Equivalent Institutions) ၏ (၅) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ အွန်လိုင်းမှတစ်ဆင့် တက်ရောက်သည်။

အဆိုပါ (၅)ကြိမ်မြောက်ညီလာခံတွင် အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC)၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်လျက်ရှိသော မွန်ဂိုလီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက “Recent Development of Constitutional Justice in Asia” ခေါင်းစဉ်ဖြင့် ဦးဆောင်ကျင်းပခြင်း ဖြစ်သည်။

ညီလာခံသို့ AACC အဖွဲ့ဝင်နိုင်ငံ ၁၇ နိုင်ငံတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး/ ကောင်စီ/ ခုံရုံးများ၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများ တက်ရောက်ကြသည်။ ညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက “The Constitutio–nal Review in Challenging Times” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားပြီး AACC အဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဥပဒေပညာရှင်များက စာတမ်းများဖတ်ကြား၍ အသိအမြင်အတွေ့အကြုံဗဟုသုတများကို ဖလှယ်ခဲ့ကြသည်။

ထို့အတူ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးကို ယနေ့တွင် ဆက်လက်ကျင်းပရာ AACC အဖွဲ့ဝင်နိုင်ငံပေါင်း ၂၀ မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး/ ကောင်စီ/ ခုံရုံးတို့၏ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများ၊ တရားသူကြီးများ၊ ဖိတ်ကြားထားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဥပဒေပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၄/ ၂၀၂၂) သင်တန်းဆင်းပွဲ ကျင်းပ

## PR စနစ်ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ပါတီစုံ၊ လူတန်းစားစုံ၊ အလွှာစုံ ကိုယ်စားလှယ်များ ပါဝင်လာကာ စွမ်းဆောင်ရည်မြင့်မားသော အစိုးရကို ဖွဲ့စည်းဆောင်ရွက်နိုင်မည်



နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် ( ၄ / ၂၀၂၂ ) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် စစ်ကြောရေးနှင့် တည်းခိုရေးတပ် (ရွာတော်) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်၌ ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်းဆိုင်ရာ သိသင့်သိထိုက်သည်များကို သင်ကြားပို့ချပေးခဲ့သည့်အတွက် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်မည် ဖြစ်ကြောင်း။

### အဓိကတာဝန်ယူရ

အရာရှိများ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်းပြီး လုပ်ငန်းစဉ်အလိုက် သေသေချာချာ အသေးစိတ်လေ့လာရန် လိုသကဲ့သို့ ဥပဒေ၊ နည်းဥပဒေများ၏ ဆိုလိုချက်ကို တိတိကျကျနားလည်သဘောပေါက်ရန် လိုကြောင်း၊ သို့မှသာ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ဥပဒေနှင့်မညီသည့် ကိစ္စရပ်များကိုလည်း တားမြစ်နိုင်မည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ရွေးကောက်ပွဲ ကော်မရှင်သည် အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကော်မရှင်၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် ချွတ်ချော်မှုများ ဖြစ်ခဲ့ပါက ကော်မရှင်၏သိက္ခာ၊ နိုင်ငံ၏ သိက္ခာကို ထိခိုက်နိုင်သည့်အတွက် အမှားမရှိရအောင် သတိထားပြီး သဘောရိုးဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း။

### ကြိုတင်ပြင်ဆင်

ကော်မရှင်အနေဖြင့် ယခုအချိန်ကတည်းက ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့်လည်း တာဝန်ကျရာနေရာသို့ ရောက်ရှိသည့်အခါ လုပ်ဆောင်ရမည့် အလုပ်များကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရန်လိုကြောင်း၊ လာမည့် ရွေးကောက်ပွဲကို ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရ (FPTP) စနစ်အစား အချိုးကျကိုယ်စားပြုစနစ် (PR) သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း၊ PR စနစ်ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ မဲများ အဟောသိကံ အလဟဿဖြစ်မှု နည်းပါးပြီး ပါတီစုံ၊ လူတန်းစားစုံ၊ အလွှာစုံကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားသော အစိုးရကို ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူနည်းစုပါတီများ အနေဖြင့် ယင်းတို့ကို ထောက်ခံသောမဲများ အချိုးအရ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိလာမည် ဖြစ်ကြောင်း၊ PR စနစ်၏ သဘောသဘာဝနှင့် ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် လေ့လာပြင်ဆင်ထားရန် လိုကြောင်း။

### အောင်မြင်အောင်ဆောင်ရွက်

သင်တန်းသားဦးစီးအရာရှိများ အနေဖြင့် မိမိတို့တာဝန်ကျရာဒေသများသို့ ရောက်ရှိချိန်တွင် မြို့နယ်ရွေးကောက်ပွဲ တာဝန်ခံအရာရှိ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် မြို့နယ်ကို ခေါင်းဆောင်ပြီး ရွေးကောက်ပွဲ အောင်မြင်အောင် ဆောင်ရွက်ကြရမည့်သူများ ဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် ခေါင်းဆောင်ကောင်းများအဖြစ် မိမိတို့၏ လုပ်ငန်းတာဝန်များကို တာဝန်ပေးစေခိုင်းမှသာ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ကြိုတင်မြော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆက်စပ်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ မြေပြင်အခြေအနေအရ ဖြစ်ပေါ်လာမည့် အကြောင်းကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပြီး ဖြစ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရှိပြီးဖြစ်သည့်အတွက် ကျေညက်အောင်လေ့လာမှတ်သားထားရန် လိုကြောင်း၊ ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ဦးဆောင်ဦးရွက်ပြုပြီး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ သွေးလွန်တုပ်ကွေး အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်) ရှိ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဆွေးနွေးဟောပြော

အဆိုပါအခမ်းအနားတွင် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပေါ်ရသည့်အကြောင်းရင်း၊ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်အများဆုံးအချိန်၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်အောင်ကာကွယ်ရမည့်နည်းလမ်းများ၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များနှင့် သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့ JWG ပဉ္စမအကြိမ် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၉

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့ JWG ပဉ္စမအကြိမ် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ (၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီ လေးခုတို့မှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ - ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့ JWG ပဉ္စမအကြိမ် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အချက်များနှင့် ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးနိုင်ရန် ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ JWG ပဉ္စမအကြိမ် အစည်းအဝေး ကောက်နုတ်ချက်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို လုပ်ငန်းကော်မတီများသို့ အကြောင်းကြားထားပြီးဖြစ်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ Pilot Project အပါအဝင် ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ (၁) နှင့် ဒုတိယဥက္ကဋ္ဌ (၂) တို့က ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများနှင့် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ အမှန်တကယ်ဆောင်ရွက်မည့်ကိစ္စနှင့် လုပ်ငန်းကိစ္စရပ်များကို အပြည့်အဝ ကူညီဆောင်ရွက်ပေးသွားမည်



မြိတ် ဩဂုတ် ၁၉

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မြိတ်မြို့ ကလွင်ရေပုန်းရပ်ကွက်ရှိ ကက်သလစ်ခရစ်ယာန်ပရဟိတဂေဟာ၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံ၍ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်နေသည့်လုပ်ငန်းများသည် နိုင်ငံတော်အတွက် အကျိုးပြုရန် လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းဒေသကြီးနှင့်ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရန်ပုံငွေများ ခွဲဝေချထားပေးလျက်ရှိကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ နိုင်ငံတော်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင်လည်း အဓိကထား ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအတွက် မိမိတို့ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနိုင်သမျှ ဥပဒေဘောင်နှင့်အညီ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ အမှန်တကယ် ဆောင်ရွက်မည့်ကိစ္စနှင့် လုပ်ငန်းကိစ္စရပ်များကို အပြည့်အဝကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ဖေးမကူညီဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခု အစည်းအဝေးမှတစ်ဆင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကြုံတွေ့နေကြရသည့် အခက်အခဲများအပေါ် မူတည်၍ ကူညီဆောင်ရွက်ပေးနိုင်သည်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မင်းနိုင်က အသင်းဖွဲ့စည်းခဲ့ခြင်း၏ ရည်ရွယ်ချက်နှင့် အသင်းဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး အထွေထွေအတွင်းရေးမှူး ဦးအောင်ဆွေဦးက တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်၍ တိုင်းရင်းသားများအတွက် ရိက္ခာဖူလုံစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် အသင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များက တိုင်းရင်းသားဒေသတွင်းထုတ်ကုန်များ ပြည်ပနိုင်ငံ ဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ရေး၊ အဆင့်မြင့်နည်းပညာများဖြင့် ဒေသတွင်းထုတ်ကုန်အသစ်များ ထုတ်လုပ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးမြို့ရှိ ကန်တော်ကြီး ရေဝေရေလဲကြိုးပြင်ကာကွယ်တောအတွင်းရှိ ပရဆေးဥယျာဉ်၊ သစ်မျိုးစုံစိုက်ခင်းနှင့် သီးနှံသစ်တောရောနှောစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ကန်တော်ကြီး ရေဝေရေလဲကြိုးပြင် ကာကွယ်တောအတွင်းရှိ ပရဆေးဥယျာဉ်၊ သစ်မျိုးစုံစိုက်ခင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်းနှင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးပြီး သစ်တောသယံဇာတ ထုတ်ယူသုံးစွဲမှုကို လျှော့ချ၍ ပြည်သူများ၏ သစ်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံပိုင်သစ်တောများ ပြုစုထိန်းသိမ်းရေးကို သစ်တောစိုက်ခင်းများ တည်ထောင်ရန်၊ စိုက်ခင်း သယံဇာတ ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စနစ်ဖြင့် စီမံဆောင်ရွက်ရန်နှင့် ပွင့်လင်းရာသီသို့ ရောက်ရှိပါက တောမီးအန္တရာယ်ကာကွယ်ရေးကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၅၀/၅) ဖြ၉၅၁၂ ဧကရှိသော စလူကြိုးဝိုင်းအတွင်းရှိ အကွက်အမှတ် (၂၆၄)မှ ရတနာတင့်ကုမ္ပဏီ၏ ပုဂ္ဂလိကဝါးစိုက်ခင်းဧက ၁၀၀ တည်ထောင်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဌာနအနေဖြင့် ဝါးပျိုးပင်နှင့် စိုက်ပျိုးနည်းစနစ်များကို ဝါးစိုက်တောင်သူများသို့ ဖြန့်ဝေသွားရန်နှင့် ဝါးအခြေခံတန်ဖိုးမြှင့် အချောထည်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း ပြည်ပဈေးကွက် ရရှိရေး၊ အဆိုပါထုတ်ကုန်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အရာထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၂၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၁) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂) ဦးအနက် (၁၃) ဦး (၄၀.၆) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၁၉) ဦး (၅၉.၄) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၅၃,၆၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၅၇၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၁၈၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ်ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၁၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၃) ဦး | (၄၀.၆) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၉) ဦး | (၅၉.၄) % |
| **စုစုပေါင်း** | **(၃၂) ဦး** | **(၁၀၀) %** |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၅၁၈၆၀၇၅ | ၉၀၄၁၀၆၄၅ | ၁၀၆၄၇၈၀ |
| ၂။ | အိန္ဒိယ | ၄၄၃၁၄၆၁၈ | ၄၃၆၈၅၅၃၅ | ၅၂၇၂၅၃ |
| ၃။ | ပြင်သစ် | ၃၄၂၉၉၆၈၆ | ၃၃၆၃၃၃၃၉ | ၁၅၃၄၂၇ |
| ၄။ | ဘရာဇီး | ၃၄၂၄၅၃၇၄ | ၃၃၁၅၆၁၅၇ | ၆၈၂၂၇၆ |
| ၅။ | ဂျာမနီ | ၃၁၇၇၁၈၈၄ | ၃၀၅၉၅၆၀၀ | ၁၄၆၃၈၃ |
| ၆။ | ဗြိတိန် | ၂၃၄၆၀၇၈၇ | ၂၃၀၈၂၅၂၈ | ၁၈၇၀၁၈ |
| ၇။ | တောင်ကိုရီးယား | ၂၂၀၀၀၀၃၇ | ၁၉၇၉၄၉၂၆ | ၂၅၈၉၆ |
| ၈။ | အီတလီ | ၂၁၅၈၁၉၁၇ | ၂၀၅၈၉၄၇၂ | ၁၇၄၄၄၇ |
| ၉။ | ရုရှား | ၁၉၀၃၇၆၆၄ | ၁၈၂၃၈၁၂၈ | ၃၈၃၄၂၇ |
| ၁၀။ | တူကီယဲ | ၁၆၆၇၁၈၄၈ | စိစစ်ဆဲ | ၁၀၀၄၀၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၇၉၅၅၄ | ၁၀၀၅၆၁၉၀ | ၄၃၁၀၃ |
| ၂။ | အင်ဒိုနီးရှား | ၆၃၀၆၆၈၆ | ၆၀၉၇၃၃၄ | ၁၅၇၃၄၃ |
| ၃။ | မလေးရှား | ၄၇၄၉၀၀၀ | ၄၆၇၀၄၀၀ | ၃၆၁၂၄ |
| ၄။ | ထိုင်း | ၄၆၃၀၃၁၀ | ၄၅၇၈၂၉၁ | ၃၁၉၇၄ |
| ၅။ | ဖိလစ်ပိုင် | ၃၈၄၈၄၄၉ | ၃၇၄၉၉၆၃ | ၆၁၂၆၁ |
| ၆။ | စင်ကာပူ | ၁၈၀၉၂၅၁ | ၁၇၂၄၁၉၀ | ၁၅၇၂ |
| ၇။ | မြန်မာ | ၆၁၄၅၇၃ | ၅၉၃၁၈၅ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၃၀၇၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၃၇၇ | ၁၃၄၀၉၂ | ၃၀၅၆ |

## ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနိုင်မြင့်မားရေး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

သထုံ ဩဂုတ် ၁၉

မွန်ပြည်နယ် သထုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူလူငယ်များ စာဖတ်ရှုနိုင်မြင့်မားရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှု နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက သင်တန်းကျောင်းစာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။

### ကြည့်ရှုလေ့လာ

နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် သုတရသ စာအုပ်စာစောင်တို့ကို စုံလင်စွာ ခင်းကျင်းပြသပေးပြီး အသိပညာတိုးပွားရေး စာပေများကို စုပေါင်းဖတ်ရှုကြစေကာ ၎င်းတို့ အချိန်ယူဖတ်ရှုလိုသည့် စာအုပ်စာစောင်များကို စနစ်တကျငှားရမ်းပေးခဲ့သည်။



အဆိုပါ နယ်လှည့်လုပ်ငန်းတွင် စာဖတ်ရှုနိုင်မြင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ သင်တန်းကျောင်းမှ လူငယ်များက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ ကုမ္ပဏီတစ်ခုဖြင့် Testkit ၆၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံ၌ လျှပ်စစ်ကားအသုံးပြုမှု မြင့်တင်မည်



ဖနောင်ပင် ဩဂုတ် ၁၉

ကမ္ဘောဒီးယားနိုင်ငံတွင် လျှပ်စစ်ကားအများအပြား ဝယ်ယူသုံးစွဲရေးအတွက် နိုင်ငံသားများအား ကမ္ဘောဒီးယားဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး ဆန်ချန်သိုက တိုက်တွန်းပြောကြားခဲ့သည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း၌ နိုင်ငံအတွင်း လျှပ်စစ်ကား ၁၅၅ စီးကို မှတ်ပုံတင်ခဲ့ပြီး ယမန်နှစ်အလားတူ ကာလက နိုင်ငံအတွင်း မှတ်ပုံတင်စာရင်းသွင်းထားသည့် လျှပ်စစ်ကား ၁၁ စီးသာရှိခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် နိုင်ငံအတွင်း လျှပ်စစ်ကားသုံးစွဲမှု များပြားလာသည်ကိုတွေ့ရှိရကြောင်းငင်းကပြောကြားသည်။ မိမိအနေဖြင့် နိုင်ငံသားများအား လျှပ်စစ်ကားအသုံးပြုမှုကို မြှင့်တင်စေလိုကြောင်း၊ လျှပ်စစ်ကားများကို အသုံးပြုခြင်းဖြင့် ဓာတ်ဆီ၊ ဒီဇယ်တို့ကဲ့သို့ ဈေးနှုန်းများပြားခြင်းမရှိဘဲ လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာဝယ်ယူဖြည့်တင်းအသုံးပြုနိုင်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်းလျှပ်စစ်ကားများအတွက် လျှပ်စစ်ဓာတ်အားဖြည့်တင်းသည့်နေရာများကို မြို့တော်ဖနောင်ပင်၊ ပီရက်ဆီဟာနော့၊ ဆီရမ်ယိနှင့် ဘက်တာဘမ်ပြည်နယ်တို့တွင် တည်ဆောက်ထားကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သောက်ဆေးအမျိုးအစား Lagevrio အား ပြည်တွင်းဈေးကွက်တွင် စတင်ဖြန့်ဖြူးမည်

တိုကျို ဩဂုတ် ၁၉

ဂျပန်ဆေးဝါးကုမ္ပဏီတစ်ခုက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး သောက်ဆေးအမျိုးအစားကို ပြည်တွင်းဈေးကွက်မှတစ်ဆင့် စတင်ဖြန့်ဖြူးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေး သောက်ဆေးအမျိုးအစားအား နိုင်ငံအတွင်းရှိ ပြည်သူများအတွက် မကြာမီ လျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

အဆိုပါ သောက်ဆေးအမျိုးအစား Lagevrio ထွက်ပေါ်လာခြင်းကြောင့် ယင်းဆေးအား လိုအပ်သည့်ပမာဏကို ညီညွတ်မျှတစွာပေးရန် ဆေးရုံ၊ ဆေးခန်းများနှင့် ဆေးဆိုင်များအတွက် ပိုမိုလွယ်ကူစေမည်ဖြစ်သည်ဟု အမေရိကန်ဆေးဝါးကုမ္ပဏီ Merck ၏ ဂျပန်နိုင်ငံအခြေစိုက်ရုံးခွဲတစ်ခုဖြစ်သည့် MSD ဆေးဝါးကုမ္ပဏီကဆိုသည်။

လက်ရှိအချိန်တွင် ဂျပန်အစိုးရက အဆိုပါသောက်ဆေး Lagevrio အား တရားဝင်မှတ်ပုံတင်ထားသည့် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါဆေးဝါးအတွက် ပြည်သူများက ငွေကုန်ကျခံစရာမလိုဘဲ အစိုးရက ကုန်ကျစရိတ်များကို ကျခံလျက်ရှိသည်။ လူနာများသည် အဆိုပါဆေးကို တစ်ရက်နှစ်ကြိမ်နှုန်းဖြင့် ငါးရက်ခန့် သောက်သုံးရကြောင်း သိရသည်။ အဆိုပါဆေး၏ ငါးရက်စာပမာဏ၏ ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၇၀၀ ဝန်းကျင် ကုန်ကျသည်။



ယင်းသောက်ဆေးအမျိုးအစားကို Merck ဆေးဝါးကုမ္ပဏီက ထုတ်လုပ်ခြင်းဖြစ်ပြီး ဒီဇင်ဘာလတွင် ဂျပန်အစိုးရက ပြည်တွင်းသုံးစွဲခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ သောက်ဆေးအမျိုးအစားကို ကိုဗစ်–၁၉ ရောဂါ လက္ခဏာပြင်းထန်ခြင်းမရှိသည့် လူနာများအတွက် အဓိကထားသုံးစွဲလျက်ရှိသည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ ရောဂါလက္ခဏာပြင်းထန်ခြင်းမရှိသည့်လူနာပေါင်း ၃၈၀၀၀၀ ကျော်သည် အဆိုပါသောက်ဆေးကို မှီဝဲလျက်ရှိကြောင်း သိရသည်။

ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်– အောင်ကျော်ကျော်

# ဂျာမနီနိုင်ငံ၌ ယခုနှစ်ဒုတိယသုံးလအတွင်း အလုပ်အကိုင် ရရှိမှုမြင့်တက်လာ

ဘာလင် ဩဂုတ် ၁၉

ဂျာမနီနိုင်ငံ၌ ယခုနှစ်ဒုတိယသုံးလအတွင်း အလုပ်အကိုင်ရရှိမှုမြင့်တက်လာကြောင်း စာရင်းအင်းရုံးမှ ပြောကြားသည်။

နိုင်ငံအတွင်း အလုပ်အကိုင်ရရှိသူအရေအတွက်သည် ၆၆၄၀၀၀မှ ၄၅ ဒသမ ၅ သန်းသို့ တိုးတက်ရောက်ရှိခဲ့ကြောင်း ၎င်းရုံးမှ ပြောကြားသည်။ ဝန်ဆောင်မှု၊ ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများလုပ်ကိုင်သည့် ကုမ္ပဏီများတွင် အလုပ်ရရှိသူအရေအတွက်စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၄၁၀၀၀ ရှိခဲ့ကြောင်း သိရသည်။ ၎င်းလုပ်ငန်းကဏ္ဍများသည် ကိုဗစ်–၁၉ရောဂါကြောင့် ကန့်သတ်မှုများရှိခဲ့သဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးခြင်းများရှိခဲ့သည်။ နိုင်ငံအတွင်းအလုပ်အကိုင်ရရှိသူအရေအတွက်မြင့်တက်လာခဲ့သော်လည်း ကျွမ်းကျင်လုပ်သားရှားပါးမှု အခက်အခဲရှိနေကြောင်းအိုင်အက်ဖ်အိုအင်စတီကျူမှ ပြောကြားသည်။ ရေရှည်တွင် ကျွမ်းကျင်လုပ်သားရှားပါးမှု အခက်အခဲများပြားလာမည်ဖြစ်ကြောင်း ၎င်းအင်စတီကျူမှ တာဝန်ရှိသူ စတီဗင်ဆေရာကပြောကြားသည်။

လာမည့်နှစ်အနည်းငယ်အတွင်း လုပ်ငန်း များအတွင်းရှိ သက်ကြီးရွယ်အိုလုပ်သားများအငြိမ်းစားယူမည်ဖြစ်သဖြင့် လုပ်သားလိုအပ်ချက်များပြားလာမည်ဖြစ်ကြောင်း ဂျာမနီလုပ်သား အဖွဲ့အစည်းမှ တာဝန်ရှိသူ အူရပ်ဆီဗာဗက်ကပြောကြားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# တရုတ်နိုင်ငံ၌ 5G အင်တာနက်အသုံးပြုသူ ၄၇၅ သန်းအထိ ရှိလာ




ပေကျင်း ဩဂုတ် ၁၉

တရုတ်နိုင်ငံ၌ 5G အင်တာနက်အသုံးပြုသူအရေအတွက်သည် ဇူလိုင်လကုန်တွင် ၄၇၅ သန်းအထိ ရှိလာခဲ့ကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန (MIIT) က ယနေ့ပြောကြားသည်။

အဆိုပါ ကိန်းဂဏန်းသည် ၂၀၂၁ ခုနှစ်ကုန်ပိုင်းနှင့်နှိုင်းယှဉ်ပါက အသုံးပြုသူသန်း ၁၂၀ ခန့် ပိုမိုတိုးတက်လာကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ပြင် လက်ရှိအချိန်အထိ နိုင်ငံအတွင်းရှိ စီရင်စုအဆင့်မြို့များ၊ ခရိုင်များနှင့် 5G ကွန်ရက်တပ်ဆင်ထားသည့် မြို့အားလုံး၏ ၉၆ ရာခိုင်နှုန်း၌ 5G ကွန်ရက်အခြေစိုက်စခန်းပေါင်း ၁ ဒသမ ၉၇ သန်းခန့်ကိုတည်ဆောက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

5G ကွန်ရက်များနှင့် ဂီဂါဘစ်(gigabit) ကွန်ရက်များအပါအဝင် သတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံအသစ်များ တည်ဆောက်မှုကို ဆက်လက်တိုးချဲ့မြှင့်တင်မည်ဖြစ်ပြီး နယ်ပယ်အသီးသီး၌ "ဂီဂါဘစ်နှစ်ဆ" ကွန်ရက်များ တပ်ဆင်ချိတ်ဆက်မှုကိုလည်း အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။

ကျေးလက်ဒေသများသို့ အရည်အသွေးမြင့်ကွန်ရက်များ လွှမ်းခြုံရရှိနိုင်စေရန် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးလက်ဒေသများတွင် လုပ်ငန်းပုံစံသစ်များ တိုးချဲ့အသုံးပြုနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုးကား– ဆင်ဟွာ
ဘာသာပြန်– အောင်ကျော်ကျော်

# အယ်လ်ဂျီးရီးယားနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွား၊ အနည်းဆုံး ၃၇ ဦး သေဆုံး

အယ်ဂီလ် ဩဂုတ် ၁၉

အယ်လ်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်းရှိ တောင်ထူထပ်သောနေရာများ၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၃၇ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တူနီးရှားနိုင်ငံ နယ်စပ်အနီး အယ်တာ့ဖ်ဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် ၂၄ ဦး သေဆုံးပြီး ဆီတစ်ဖ်ဒေသ၌ နှစ်ဦးသေဆုံးခဲ့ကြောင်း အယ်လ်ဂျီးရီးယားပြည်ထဲရေးဝန်ကြီး ကာမယ်ဘက်ဂျီတာလီက ရုပ်သံလိုင်းတစ်ခုနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

မီးသတ်သမားများက ရဟတ်ယာဉ်များ၊ မီးသတ်ကားများ အသုံးပြုပြီး တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် နိုင်ငံအရှေ့ပိုင်း အယ်တာ့ဖ်၊ ဆီတစ်ဖ်၊ ဆောက်အာဟာစ်၊ ဂျီဂျေ၊ စကစ်ဒါနှင့် တီပါဆာဒေသများရှိ စိုက်ပျိုးမြေ ဟက်တာ ၂၆၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း နိုင်ငံအတွင်း၌ တောမီးလောင်ကျွမ်းမှုဖြစ်စဉ် ၁၁၈ ခု ဖြစ်ပွားခဲ့ကြောင်း အယ်လ်ဂျီးရီးယား မြို့ပြကာကွယ်ရေးဌာနက ဆိုသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုတွင် မြေဟက်တာများ ဆုံးရှုံးမှုများအတွက် လျော်ကြေးပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာမန်ဘင်အဘ်အယ်ရာမန်က ပြောကြားသည်။

မြောက်ဘက်ကမ္ဘာခြမ်းနိုင်ငံအများစုသည် ပြင်းထန်သောအပူချိန်နှင့် မိုးခေါင်ရေရှားပါးမှုပြဿနာများနှင့် ရင်ဆိုင်နေရပြီး တောမီးအန္တရာယ်များ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။

လွန်ခဲ့သောနှစ်က အယ်လ်ဂျီးရီးယားနိုင်ငံ၏ တောင်တန်းဒေသများ၌ တောမီးလောင်ကျွမ်းမှုကြောင့် ၆၅ ဦး အနည်းဆုံးသေဆုံးခဲ့သည်။

ကိုးကား– စီအင်န်အင်န်၊ ဘာသာပြန်– အောင်ကျော်ကျော်

## ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လျှပ်သတ္တာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း လက်တွေ့ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူလူထုများ၏ အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ လျှပ်သတ္တာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း လက်တွေ့ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးက လျှပ်သတ္တာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း လက်တွေ့ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများစုပေါင်း၍ လျှပ်သတ္တာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လေ့ကျင့်ခန်းတွင်ပါဝင်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ လျှပ်အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြု အနီးကပ်သင်တန်းများနှင့်စာမေးပွဲရက်များ ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင် ဒုတိယအသုတ် နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြု ပထမနှစ် (၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)၊ ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများအတွက် အနီးကပ်သင်တန်းများ နှင့် စာမေးပွဲများကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

**(၁) အဝေးသင် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| သင်တန်းနှစ် | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် |
| အထူးပြုဘာသာရပ်များ | - | အင်္ဂလိပ်စာ၊ဥပဒေပညာ၊ပထဝီဝင်၊စိတ်ပညာ၊အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ |
| အနီးကပ်သင်တန်းကာလ | - | (၁၂-၉-၂၀၂၂) ရက်မှ (၂၂-၉-၂၀၂၂) ရက်ထိ |
| စာမေးပွဲကာလ | - | (၂၆-၉-၂၀၂၂) ရက်မှ (၁-၁၀-၂၀၂၂) ရက်ထိ |

**(၂) အဝေးသင် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| သင်တန်းနှစ် | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် |
| အထူးပြုဘာသာရပ်များ | - | မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ |
| အနီးကပ်သင်တန်းကာလ | - | (၃-၁၀-၂၀၂၂) ရက်မှ (၁၅-၁၀-၂၀၂၂) ရက်ထိ |
| စာမေးပွဲကာလ | - | (၁၈-၁၀-၂၀၂၂) ရက်မှ (၂၅-၁၀-၂၀၂၂) ရက်ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်တွင် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

လှည်းကူး ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ သုံးစွဲလာစေရန်နှင့် လက်ရှိအသုံးပြုလျက်ရှိသော စက်ကိရိယာများကို စနစ်တကျထိန်းသိမ်းမောင်းနှင်တတ်စေရန် ရည်ရွယ်၍ အမှတ်(၃၅) စက်မှုလယ်ယာစခန်း ထောက်ကြန့်မြို့မှ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ဇုန်(၁)စိုက်ပျိုးရေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးတင်မောင်ကြည်က အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ထောက်ကြန့်စက်မှုလယ်ယာရှိ သင်တန်းနည်းပြခြောက်ဦးက သင်တန်းသား ၃၀ တို့အား စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုလျက်ရှိသော မြေပွစက်၊ လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေစက်၊ အင်ဂျင်များမောင်းနှင်အသုံးပြုရာတွင် အခြေခံသိသင့်သည့် ထိန်းသိမ်းကြံ့ခိုင်နိုင်ရေးလုပ်ငန်းများ၊ ဒီဇယ်အင်ဂျင်ပြုပြင်တပ်ဆင်ပုံ၊ ထွန်စက်ရိတ်စက်များမောင်းနှင်ပုံတို့ကို လက်တွေ့သင်ကြားခြင်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးသိရှိလိုက်နာရမည့်ကိစ္စရပ်များကို စာတွေ့၊ လက်တွေ့ ဆက်လက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

## သီပေါမြို့နယ်၌ ပြည်သူများပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

သီပေါ ဩဂုတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီတွင် မြို့တော်ခန်းမ၌ ပြည်သူများ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအရာရှိ ဒေါ်ခင်နီလာစိုးက ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ ပလတ်စတစ်သုံးစွဲမှုများလည်း ပိုမိုများပြားလာကြောင်း၊ ပလတ်စတစ်များနှင့် အမှိုက်များသည် သဘာဝပတ်ဝန်းကျင်အလှအပကို ဖျက်ဆီးခြင်းသာမက မြေထု၊ ရေထု၊ လေထုများကိုပါ ပျက်စီးစေတတ်ကြောင်း၊ ပလတ်စတစ်သည် နှစ်ပေါင်းများစွာကြာမြင့်မှသာ ပျက်စီးတတ်သဖြင့် လယ်ယာမြေတွင်ရှိနေပါက မြေဆီမြေနှစ်များ ပျက်စီးနိုင်ကြောင်း၊ ပလတ်စတစ်ဖြင့် ပူနွေးသောအစားအသောက်များထည့်၍ စားသုံးပါက ကျန်းမာရေးထိခိုက်နိုင်ပြီး ကင်ဆာကဲ့သို့သော ရောဂါဆိုးများဖြစ်ပွားနိုင်ကြောင်း စသည်ဖြင့် ဆွေးနွေးသည်။



ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်က ပလတ်စတစ်သုံးစွဲခြင်း၏ အားသာချက်၊ အားနည်းချက်၊ လျှော့ချအသုံးပြုနိုင်မည့် နည်းလမ်းများ၊ ပလတ်စတစ်အမှိုက်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ အမှိုက်အမျိုးအစားများ၊ သိမ်းဆည်းစွန့်ပစ်မှုအခြေအနေများကို ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

၂၁၀



## ပန်းတောင်းမြို့နယ်၌ တတိယအကြိမ်စားသုံးဆီပိဿာ ၆၆၀ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ပန်းတောင်း ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ပြည်ခရိုင် ဆီကုန်သည်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီခွဲက ရွှေဘုံသာကျေးရွာနှင့် လက်ပံကျေးရွာတို့တွင် စားသုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။



ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ပြည်ခရိုင် ဆီကုန်သည်ဆီလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာ နေလင်းအောင်တို့က ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ဆီတစ်ပိဿာလျှင် ၃၈၅၀ နှုန်းနှင့်တစ်အိမ်ထောင်လျှင်တစ်ပိဿာနှုန်းဖြင့် ရွှေဘုံသာကျေးရွာတွင် ဆီပိဿာ ၃၃၀ နှင့် လက်ပံကျေးရွာတွင် ဆီပိဿာ ၃၃၀ စုစုပေါင်း ဆီပိဿာ ၆၆၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

✻ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF သင်တန်းဆင်း အလင်းဝင်ရောက်လာသူများအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းလက်ခံပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF သင်တန်းဆင်း အလင်းဝင်ရောက်လာသူများအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**လွှဲပြောင်းအပ်နှံပေး**

ဆက်လက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦး၏ ဖခင်ဖြစ်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုး တို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



သာပေါင်းမြို့နယ် သပြေကုန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်အချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာအုပ်စုရှိ နေအိမ်များနှင့် စာသင်ကျောင်းများ၌ လိုအပ်သည့် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများတွင် ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ သွားရောက်ထောက်ပံ့ပေးအပ်ကြသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် သာပေါင်းမြို့နယ် သစ်ဖြူကျေးရွာအုပ်စု သပြေကုန်းကျေးရွာရှိ နေအိမ် ၂၈ လုံး ပြိုကျပျက်စီးခဲ့ပြီး ရေဘေးသင့်ပြည်သူများသည် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည်။

အဆိုပါ နေအိမ်များပြိုကျပျက်စီးခဲ့သည့် ကျေးရွာသို့ ယနေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ကြကာ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်နေ ဇာနည်ဆွေသည် ၎င်းအသုံးပြုသည့် “Zar Ni Swe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် တော်ဝင်ပုလဲအိမ်ရာနေ အေးအေးမာသည် ၎င်းအသုံးပြုသည့် “Aye Aye Mar” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြရတနာရပ်ကွက်နေ ခင်မောင်သန်း(ခ)ဆဲဂဲလ်သည် ၎င်းအသုံးပြု သည့် “Khin Mg Than” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**(ယမန်နေ့မှအဆက်)**

ဆက်လက်ပြီး နိုင်ငံခြားဆက်ဆံရေးကိစ္စရပ်များကို တင်ပြလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးအကောင်အထည်ဖော်နေသည့်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် “အမြဲတမ်း မိတ်ဆွေနိုင်ငံ” ဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယမန်နေ့က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံကိုရောက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့ ယနေ့ မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံမည်ဖြစ်ကြောင်း၊ လက်ရှိမြန်မာနိုင်ငံအစိုးရ၏ တရားဝင်တွေ့ဆုံမှုဖြစ်သည်ကို သတိပြုမိစေရန် ပြောလိုကြောင်း၊ ယင်းတွေ့ဆုံမှုသည် ကောင်းမွန်သည့်ရလဒ်များ ရရှိနိုင်လိမ့်မည်ဟု မိမိတို့မျှော်လင့်ထားကြောင်း။

### သံတမန်ဆက်ဆံမှုများ ပိုမိုတိုးမြှင့်

ဆက်လက်ပြီး ရုရှား-မြန်မာ ဆက်ဆံရေးအကြောင်းကို ဆက်လက်ပြောကြားသွားမည်ဖြစ်ကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် (၇၅)နှစ်တာကာလ ပြည့်မြောက်တော့မည်ဖြစ်ပြီး မိတ်ဆွေရင်းညီအစ်ကိုနိုင်ငံများ ဖြစ်သည့်အတွက် သံတမန်ဆက်ဆံမှုများတွင်လည်း ပိုမိုတိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဩဂုတ်လဆန်းပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Sergey Lavrov သည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ကြောင်း၊ အဆိုပါတွေ့ဆုံမှုတွင် ရုရှား-မြန်မာနှစ်နိုင်ငံ မိတ်ဆွေရင်းညီအစ်ကိုနိုင်ငံများ ဖြစ်သည့်အတွက် သံတမန်ဆက်ဆံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာနိုင်ငံဆိုင်ရာကောင်စစ်ဝန်ရုံးနှစ်ခုအား ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရုရှားကောင်စစ်ဝန်ရုံးများ ထပ်မံဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမြဲတမ်းမိတ်ဆွေနိုင်ငံ၊ အမြဲတမ်းမဟာမိတ်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေးခဲ့ကြောင်း၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ပြည်တွင်းရေးကို ပြည်ပစွက်ဖက်မှုများမပါဘဲ မိမိတို့အစိုးရများက စီမံဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ပေးရေး၊ ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းများတိုးမြှင့်ရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အရပ်ဘက်၊ စစ်ဘက်ပညာတော်သင်များ ထပ်မံစေလွှတ်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း ဆက်ဆံရေးအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရရှိချိန်တွင် ရှေ့လုပ်ငန်းစဉ်နှင့်အညီ ရွေးကောက်ပွဲ ပြန်လည်ကျင်းပဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများသည် နှစ်နိုင်ငံဆက်ဆံရေး၏ မိတ်ဆွေကောင်းပီသမှုများကို ပြသနိုင်မှုများရှိကြောင်း ပြောကြားသည်။



နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ

ထို့အပြင် ၂၀၂၂ ခုနှစ် ဩဂုတ် ၃ ရက်မှ ၂၇ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ၂၀၂၂ ခုနှစ် နိုင်ငံတကာတပ်မတော် အားကစားပြိုင်ပွဲ (International Army Game –2022) သို့ မြန်မာ့တပ်မတော်က ပြိုင်ပွဲဝင်အသင်းငါးသင်း သွားရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းအမျိုးအစားများမှာ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း၊ ဆေးတပ်ဖွဲ့စွမ်းရည်၊ ရိုးရာယဉ်ကျေးမှု၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းနှင့် Emergency Area ပြိုင်ပွဲတို့ဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ သုံးသင်း၊ ဗင်နီဇွဲလားနိုင်ငံ၌ တစ်သင်းနှင့် ဗီယက်နမ်နိုင်ငံတွင် တစ်သင်းတို့ ပြိုင်ပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲ ငါးမျိုးအတွက် မြန်မာ့တပ်မတော်မှ ပြိုင်ပွဲဝင် ၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း ပြောကြားသည်။

International Army Game –2022 နှင့်အတူ တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲသို့ ပထမဆုံးအကြိမ် မြန်မာနိုင်ငံမှ ဗိုလ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲတွင် ရေကူးပြိုင်ပွဲ၊ တောတွင်းလှုပ်ရှားသွားလာခြင်းပြိုင်ပွဲ၊ သေနတ်ပစ်ပြိုင်ပွဲတို့ပါဝင်ပြီး မြန်မာနိုင်ငံမှ ဗိုလ်လောင်း ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ နိုင်ငံ ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုနှင့် နိုင်ငံအလိုက် (အဆင့် ၈) နေရာတွင် ရပ်တည်ခဲ့သည်ဟု ဂုဏ်ယူစွာပြောလိုကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအလယ်တွင် မိမိတို့မြန်မာနိုင်ငံ၏အလံကို လွှင့်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြား၍ မှတ်တမ်း Video ကို ပြသသည်။

### အိမ်နီးချင်းဆိုသည်မှာ အရင်းနှီးဆုံးဖြစ်ရမည်

ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆက်ဆံရေးအစဉ်ချောမွေ့ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းထက်စိတ်ချရသည့် မိတ်ဆွေနိုင်ငံဆိုသည်မှာမရှိကြောင်း၊ အိမ်နီးချင်းဆိုသည်မှာ အရင်းနှီးဆုံးဖြစ်ရမည်ဟု ခံယူချက်ထားရှိသည်ဟုလည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တရုတ်နိုင်ငံမှ မီဒီယာတစ်ခုနှင့် Interview တွင်ပြောကြားခဲ့ကြောင်း၊ အိမ်နီးချင်းနယ်နိမိတ်ရှည်လျားစွာ ထိစပ်နေသည့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပို၍အလေးထားကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ တိုင်းရင်းသားများသည် တိုင်းရင်းသားမျိုးနွယ်စုများ တူညီမှုရှိသည်သာမက လူနေမှုစနစ်လည်း တူညီမှုရှိကြောင်း၊ အိန္ဒိယနိုင်ငံနှင့်ဆိုပါကလည်း ယဉ်ကျေးမှုနှင့် ဘာသာရေးအရ နီးစပ်မှုများစွာရှိကြောင်း၊ သမိုင်းကြောင်းများအရလည်း နီးစပ်မှုများရှိခဲ့ကြောင်း၊ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် အသိအမှတ်ပြုကြေညာသည့်အခါတွင် အာရှတိုက်၌ ပထမဆုံး အသိအမှတ်ပြုကြိုဆိုထောက်ခံသည့်နိုင်ငံမှာလည်း မိမိတို့နိုင်ငံဖြစ်ကြောင်း။

### တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး

သမိုင်းကြောင်းအရ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးသည် အေဒီ ၈၀၂ ခုနှစ်က ပျူကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးမှ စတင်ခဲ့သည်ဟု သိရကြောင်း၊ ထိုခေတ်အခါမှစ၍ ယနေ့အထိ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် တရားဝင်ဆက်ဆံမှုများရှိခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံပီပီ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)ကို ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံသည့်နိုင်ငံဖြစ်ကြောင်းလည်း ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း၊ လက်ရှိတွင်ဖြစ်ပေါ်ခဲ့သည့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ ထိုင်ဝမ်သို့ ရုတ်တရက်ဝင်ရောက်ခဲ့သည့် ခရီးစဉ်တွင် တရုတ်တစ်နိုင်ငံတည်း မူဝါဒအပေါ် အတိအလင်းချိုးဖောက်မှုဖြစ်သည်ဟု မိမိတို့နိုင်ငံအနေဖြင့် နားလည်လက်ခံကြောင်း၊ ယင်းခရီးစဉ်သည် မိမိတို့ဒေသတွင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုကိုထိခိုက်လာစေနိုင်ကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ထိုင်ဝမ်နှင့်ပတ်သက်သည့် တရုတ်နိုင်ငံ၏ တတိယအကြိမ်မြောက် စက္ကူဖြူစာတမ်းထွက်ပေါ်လာခြင်းဖြစ်ကြောင်း။

အဆိုပါစာတမ်းတွင် နိဒါန်း၊ အခန်းငါးခန်းနှင့် နိဂုံး ဟူ၍ပါဝင်ကြောင်း၊ အခန်းငါးခန်းအနက် အခန်း(၁)တွင် ထိုင်ဝမ်က တရုတ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဆိုသည့် မငြင်းနိုင်သည့်အမှန်တရား၊ အခန်း(၂)တွင် တရုတ်နိုင်ငံ၏အပြည့်အဝပြန်လည်ပေါင်းစည်းရေးကိုသိရှိစေရန် တရုတ်ကွန်မြူနစ်ပါတီ၏ ခိုင်မာသည့်ကြိုးပမ်းအားထုတ်မှု၊ အခန်း(၃)တွင် တရုတ်နိုင်ငံ၏ အပြည့်အဝပြန်လည်ပေါင်းစည်းရေးဆိုသည်မှာ မည်သူမျှရပ်တန့်ခြင်းငှာ မစွမ်းသာသည့်လုပ်ငန်းစဉ်တစ်ခု၊ အခန်း(၄)တွင်ခေတ်သစ်ကာလ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးနှင့် အခန်း(၅) ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးအတွက် လင်းလက်တောက်ပနေသည့် အလားအလာတို့ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရအဆက်ဆက်တို့၏ ကြိုးပမ်းမှုများကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ကိုယ့်တစ်ပြည်တည်းသားချင်းစိတ်ဖြင့် နိုင်ငံတော်ကြီး ငြိမ်းချမ်းစွာပေါင်းစည်းရေးကို အစဉ်ရှေးရှုလုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

အဆိုပါစာတမ်းတွင် တရုတ်အစိုးရအတွက် ထိုင်ဝမ်ကျွန်းဆိုသည်မှာ တရုတ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဆိုသည့် အမှန်တရားနှင့် တရုတ်အစိုးရ၏ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တွေ့ရမည်ဖြစ်ကြောင်း၊ လက်တွေ့တွင်လည်း တရုတ်နိုင်ငံအနေဖြင့် One Country Two System ဟုဆိုသည့် ဟောင်ကောင်၊ မကာအိုတို့နှင့် ပြန်လည်ပေါင်းစည်းစဉ်၌ အဆိုပါနေရာများ၏ ယခင်တိုင်းတစ်ပါးလက်အောက်တွင် ရှိနေစဉ်ကာလ၏ တိုးတက်မှုနှင့် ယခုတရုတ်နိုင်ငံ၏ကွပ်ကဲမှုအောက်တွင်ရှိနေသည့် တိုးတက်မှုများမှာ စီးပွားရေးအရနှင့် နိုင်ငံရေးအရခိုင်မာမှုတို့တွင် ပိုမိုတိုးတက်လာသည်ကို လက်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုလုပ်ငန်းစဉ်များအပေါ် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအဖြစ်လည်းကောင်း၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ ဆွေမျိုးပေါက်ဖော်နိုင်ငံအဖြစ်လည်းကောင်း ခိုင်မာစွာရပ်တည်သွားမည်ဖြစ်သည်ဟု အသိပေးပြောကြားလိုကြောင်း။

### အိန္ဒိယနိုင်ငံနှင့်သံတမန်ဆက်ဆံရေး

မိမိတို့နိုင်ငံသည် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းများ ထူထောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံနှင့်လည်း ကောင်းမွန်သည့် သံတမန်ဆက်ဆံရေးကို အစဉ်အမြဲ အလေးထားထူထောင်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြားတွင် ရှေးနှစ်ပေါင်းထောင်ချီကတည်းက စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအရ အပြန်အလှန်ရောယှက်ဆက်နွယ်မှုများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံလွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှသာ တရားဝင် သံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ သံတမန်ဆက်ဆံရေးနှစ် ၇၀ ကျော်ကာလရောက်ရှိပြီဟု ဆိုနိုင်ကြောင်း၊ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသတွင်ရှိသည့် ပြည်နယ်လေးခုနှင့် ထိစပ်နေပြီး နှစ်နိုင်ငံကုန်းမြေနယ်နိမိတ် ၁၆၄၃ ကီလိုမီတာနှင့် ပင်လယ်ရေကြောင်း နယ်နိမိတ် ၇၂၅ ကီလိုမီတာရှည်လျားထိစပ်မှုရှိကြောင်း၊ နှစ်ပေါင်း ၇၀ ကျော်ကြာပြီဖြစ်သည့် သံတမန်ဆက်ဆံရေးတွင် အိမ်နီးချင်းပီသသည့် ဆက်ဆံနေထိုင်မှုနှင့် နေထိုင်လျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒများအပြင် နှစ်နိုင်ငံနိုင်ငံခြားရေးမူဝါဒများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်သည့် သံတမန်ဆက်ဆံရေးကိုထူထောင်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအစိုးရအကြီးအကဲများနှင့် တပ်မတော်အကြီးအကဲများ၏ ဆက်ဆံရေးမှာ စည်ပင်တိုးတက်မှုရှိကြောင်းနှင့် နှစ်နိုင်ငံစစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေး ပိုမိုအားကောင်းခိုင်မာမှုရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေး၊ တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် သာယာဝပြောရေးကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်လျက်ရှိသည်ဟု ပြောလိုကြောင်း။

ဆက်လက်ပြီး ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ ဖိတ်ကြားခဲ့ကြောင်း၊ အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၅)ပါ ဖော်ပြချက်များကို သိသာထင်ရှားစွာ ချိုးဖောက်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကိုယ်စားလှယ် စေလွှတ်တက်ရောက်ခဲ့ခြင်းမရှိကြောင်း။

စာမျက်နှာ ၁၇ သို့❖

❖ စာမျက်နှာ ၁၆ မှ

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ထိပ်သီးအဆင့်အစည်းအဝေးများတွင် ချန်လှပ်ထားရန် ဆုံးဖြတ်လုပ်ဆောင်သည့် အာဆီယံနိုင်ငံအချို့၏ အဆင်ခြင်မဲ့လုပ်ရပ်များသည် အာဆီယံ၏ထိရောက်မှုနှင့် ပုံမှန်လုပ်ငန်းလည်ပတ်မှုများကို ဆိုးရွားစွာအကျိုးသက်ရောက်မှုရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီးသို့ စတင်ဝင်ရောက်ခဲ့စဉ်ကပင် အာဆီယံပဋိညာဉ်စာတမ်းပါမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာခဲ့ကြောင်း၊ အာဆီယံတူညီဆန္ဒနှင့် တိုင်ပင်ဆွေးနွေးခြင်း အခြေခံမူများသည် အာဆီယံအဖွဲ့ကြီး၏ကာလကြာရှည်စွာ ကိုင်စွဲကျင့်သုံးခဲ့သည့် အခြေခံမူများဖြစ်ကြောင်း၊ အာဆီယံပဋိညာဉ်အပိုဒ် ၂၀(၁)တွင် “အခြေခံမူတစ်ရပ်အဖြစ် အာဆီယံတွင်ဆုံးဖြတ်ချက်ချမှတ်မှုကို တိုင်ပင်ဆွေးနွေးခြင်းနှင့် အဖွဲ့ဝင်အားလုံး၏ တူညီဆန္ဒပေါ်တွင် အခြေခံရမည်” ဟု တရားဝင်အတိအလင်းဖော်ပြထားကြောင်း။

အာဆီယံပဋိညာဉ်စာတမ်း ASEAN Way၊ ASEAN Spirit နှင့် ASEAN Practics တို့သည် အာဆီယံအသင်းကြီးနှင့်အဖွဲ့ဝင်နိုင်ငံများ လိုက်နာဆောင်ရွက်ရမည့်အခြေခံဥပဒေများပင်ဖြစ်ကြောင်း၊ အာဆီယံထိပ်သီးအစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပပြီး အာဆီယံဥက္ကဋ္ဌရာထူးကို ရယူထားသည့်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရကြောင်း၊ အာဆီယံပဋိညာဉ်အပိုဒ်(၇)တွင် “အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများပါဝင်ရမည်”ဟု ဖော်ပြထားကြောင်း၊ ထို့ကြောင့် ထိပ်သီးအစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ စုံညီစွာတက်ရောက်မှုမရှိခြင်း သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ခုံနေရာလွတ်နေခြင်းဖြစ်ပါက “အာဆီယံထိပ်သီးအစည်းအဝေး” ဟူ၍ပင် ခေါ်ဆို၍မရနိုင်ဟု ထင်မြင်ယူဆပါကြောင်း၊ လက်ရှိအချိန်တွင် အာဆီယံ၏ အစဉ်အဆက်ထိန်းသိမ်းခဲ့သည့် အခြေခံမူများကို ပြင်ပစွက်ဖက်မှုများ၊ ဖိအားများနှင့် အချို့အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ရပ်များကြောင့် လျော့ပါးလာသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်နေရကြောင်း၊ အာဆီယံနိုင်ငံအချို့ဆိုလျှင် ပြင်ပဖိအားများကို မခံနိုင်သည့်အတွက် အာဆီယံပဋိညာဉ်ပါအခြေခံမူများကိုပင် ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာကြသည်ကို တွေ့ရှိနေရကြောင်း။

## အဖြစ်မှန်ကိုလျစ်လျူရှု

မိမိကို မီဒီယာတစ်ခုက မလေးရှားနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး စွပ်စွဲပြောကြားခဲ့မှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ကြောင်း၊ မိမိပြန်လည်ဖြေဆိုထားကြောင်း၊ ထပ်ပြီးတင်ပြလိုကြောင်း၊ ပထမဆုံးအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ် လုပ်ဆောင်သည့်အခါတွင် လိုက်ပါလုပ်ဆောင်မှုမရှိဟုဆိုသည့် စွပ်စွဲပြောဆိုချက်နှင့်ပတ်သက်ပြီး ပြောရလျှင် အဆိုပါ ပြောဆိုချက်သည် အဖြစ်မှန်ကို လျစ်လျူရှု၍ ကြည့်ချင်သည့်ဘက် တစ်ဖက်တည်းမှ ကြည့်၍ တစ်ဖက်သတ် ပြောဆိုခြင်းဖြစ်သည်ဟု ပြောလိုကြောင်း၊ အာဆီယံဘုံသဘောတူညီချက်(၅)ရပ်ကို မိမိတို့စတင်ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့်အခြေအနေများ၊ နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကိုမထိခိုက်စေဘဲ ထိုအချက်များကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဟု ပြောဆိုခဲ့ကြောင်း၊ အာဆီယံဘုံသဘောတူညီချက်(၅)ရပ်နှင့်ပတ်သက်၍လည်း နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လွန်ခဲ့သည့်နှစ်များက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပြည်တွင်းရှိ PDF၊ NUG စသည့်အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နှောင့်နှေးခဲ့ရကြောင်းနှင့် ကြိုးစားလုပ်ဆောင် သွားမည်ဆိုသည်ကိုလည်း ပြောခဲ့ပြီးဖြစ်ကြောင်း။

ဘုံသဘောတူညီချက်(၅)ရပ်နှင့်ပတ်သက်၍ မိမိတို့ လုပ်ဆောင်နေသည့် အကြောင်းအရာများကို ပြောလိုကြောင်း၊ နံပါတ်(၁) အချက်ဖြစ်သည့် အကြမ်းဖက်မှုများကို အမြန်ဆုံးရပ်တန့်ရန်နှင့် အားလုံးက ထိန်းထိန်းသိမ်းသိမ်းနှင့် ဝိုင်းဝန်းဆောင်ရွက်သွားရန်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့၏ပြောဆိုချက်များတွင် PDF အမည်ခံ၊ NUG အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံးခဲ့သည့် ပြည်သူများနှင့် ထိခိုက်ဒဏ်ရာရခဲ့သူများ၏အကြောင်းကို တစ်လုံးတစ်ပါဒမျှထည့်၍ ပြောဆိုခဲ့ခြင်းမရှိကြောင်း၊ အာဆီယံအစည်းအဝေးတွင်လည်း မရှိကြောင်း၊ ယင်းတို့နှင့်ပတ်သက်၍ Asean Envoy လာရောက်သည့်အချိန်တိုင်းတွင် ထိုကိစ္စများကို လျစ်လျူရှုမထားပါနှင့်ဟု ပြောခဲ့ပြီးဖြစ်ကြောင်း၊ Asean Envoy ဟုဆိုရာတွင် ယခု Asean Envoy မှသာ ပြောဆိုခဲ့ခြင်းမဟုတ်ကြောင်း၊ ယခင် Asean Envoy ဖြစ်သည့် ဘရူနိုင်းနိုင်ငံမှ Asean Envoy ကိုလည်း ထိုကဲ့သို့ပင် ပြောပြခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ၎င်းတို့၏ ပြောဆိုမှုများသည် အဖြစ်မှန်များကို လျစ်လျူရှုထားသည်ကို တွေ့ရကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယခု ဇူလိုင်လအထိ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ကြံမှုသတ်ဖြတ်မှုများကြောင့် ရဟန်းသံဃာ၊ သီလရှင်၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူ ၃၄၀၀ ကျော် သေဆုံးခဲ့ရကြောင်း၊ လူဦးရေ ၃၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် ပစ်ခတ်မိုင်းခွဲတိုက်ခိုက်ခံရမှု အကြိမ်ရေ ၇၀၀၀ ကျော်နှင့် မီးရှို့ဖျက်ဆီးခံရသည့် အကြိမ်ရေ ၁၀၉၄ ကြိမ်ရှိကြောင်း၊ ယင်းတို့ကို လျစ်လျူရှုထားသည်မှာ အံ့သြဖွယ်တွေ့မြင်ရကြောင်း။

> ထိပ်သီးအစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ စုံညီစွာတက်ရောက်မှုမရှိခြင်း သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ခုံနေရာလွတ်နေခြင်းဖြစ်ပါက “အာဆီယံထိပ်သီးအစည်းအဝေး” ဟူ၍ပင် ခေါ်ဆို၍မရနိုင်ဟု ထင်မြင်ယူဆပါကြောင်း၊ လက်ရှိအချိန်တွင် အာဆီယံ၏အစဉ်အဆက် ထိန်းသိမ်းခဲ့သည့် အခြေခံမူများကို ပြင်ပစွက်ဖက်မှုများ၊ ဖိအားများနှင့် အချို့အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ရပ်များကြောင့် လျော့ပါးလာသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရကြောင်း၊ အာဆီယံနိုင်ငံအချို့ဆိုလျှင် ပြင်ပဖိအားများကို မခံနိုင်သည့်အတွက် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကိုပင် ပြောင်ပြောင်တင်းတင်းချိုးဖောက်လာကြသည်ကို တွေ့ရှိနေရ

## ဒုတိယအကျော့ဆွေးနွေးပွဲများကိုလည်း ဆက်လက်ဆွေးနွေးသွားမည်

နံပါတ်(၂) အချက်မှာ ငြိမ်းချမ်းစွာအဖြေရှာမှုပြုရန်ဖြစ်ကြောင်း၊ သက်ဆိုင်သူအားလုံးနှင့် အပြုသဘောဆောင်သည့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ တိုးတက်မှုနှောင့်နှေးရသည့် အကြောင်းရင်းကို မိမိတို့ နိုင်ငံသားအားလုံး နားလည်သဘောပေါက်ကြောင်း၊ နှစ်ပေါင်း ၇၀ ကျော်ခန့်ရှိပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခသည် အခြေခံအကြောင်းရင်းဖြစ်ကြောင်း၊ ထိုအရင်းခံ အကြောင်းအရာကို ဖြေရှင်းနိုင်ရန်အတွက် မိမိတို့ကြိုးစားလျက်ရှိကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌနှင့် တွေ့ဆုံရာတွင်လည်း မိမိတို့အနေဖြင့် ယခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားပါမည်ဟု ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် EAO များကို အထူးဖိတ်ခေါ်၍ တွေ့ဆုံဆွေးနွေးလျက်ရှိရာ EAO အဖွဲ့(၁၀)ဖွဲ့ဖြင့် ဆွေးနွေးပြီးဖြစ်ကြောင်း၊ EAO များနှင့်တွေ့ဆုံဆွေးနွေးမှုကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အဓိကရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အားလုံးက သဘောတူညီပြီးဖြစ်ကြောင်း၊ လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည့် အဖွဲ့တိုင်းနှင့်လည်း သဘောတူညီချက် လက်မှတ်များရေးထိုးနိုင်ခဲ့ကြောင်း၊ ဒုတိယအကျော့ဆွေးနွေးပွဲများကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှုကို UEC နှင့်သာမက ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သည့် ညှိနှိုင်းရေးအဖွဲ့တို့နှင့်ပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းထက်ပို၍ထူးခြားသည်မှာ ယင်းအဖွဲ့များနှင့် Asean Envoy ကို တွေ့ခွင့်ပေးခဲ့ကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်စဉ်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်များရှိကြောင်း၊ ထိုအဖွဲ့များနှင့် Asean Envoy ကိုလည်း တွေ့ခွင့်ပေးခဲ့ကြောင်း၊ အမှန်တကယ်လည်း တွေ့ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့သည်များလည်းရှိကြောင်း၊ ထို့ကြောင့် ဒုတိယအချက်နှင့်ပတ်သက်၍ အဖြေရှာမှုမလုပ်ဘူးဟုဆိုသည့် စွပ်စွဲချက်မှာ တစ်ဖက်သတ်ပြောဆိုချက်သာဖြစ်ကြောင်း၊ ၎င်းတို့ လိုချင်သည့်အရာမှာ မည်သည့်အရာဖြစ်သည်ကို သိလိုကြောင်း၊ မိမိတို့က အကြမ်းဖက်အဖြစ်ကြေညာထားသည့်သူများနှင့် တွေ့ဆုံရန်လိုလားနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိပြောလိုသည်မှာ ထိုသူများနှင့် တွေ့ဆုံသောကြောင့် ၎င်းတို့လိုချင်သည့် အဖြေကို ရရှိနိုင်မည်လားဆိုသည်ကို သိလိုကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့၏အရင်းခံ အကြောင်းရင်းနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းနေခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်နေခြင်းဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်ခုလုံးကို ပစ်ပယ်ရာရောက်သည်ဟု မိမိပြောလိုကြောင်း။

နံပါတ်(၃)အချက်တွင်မူ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ကို သီးသန့်ဆွေးနွေးရာတွင် ပံ့ပိုးကူညီရန်နှင့် လိုအပ်သည့်အကူအညီများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးကပံ့ပိုးရန် ပြောထားကြောင်း၊ EAO အဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့်သာမက နိုင်ငံရေးပါတီများနှင့်ပါ တွေ့ဆုံခွင့်ပေးထားပြီးဖြစ်ကြောင်း၊ မိမိတို့ကန့်သတ်ထားသည့်ကိစ္စမှာ လက်ရှိတရားရင်ဆိုင်နေသည့်အဖွဲ့များမှအပ အခြားသူများနှင့် လွတ်လပ်စွာ တွေ့ဆုံနိုင်ရေးကြိုးပမ်းဆောင်ရွက်ပေးထားပြီးဖြစ်သည်ဟု ပြောလိုကြောင်း၊ နံပါတ်(၄)အချက်မှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဖြစ်ကြောင်း၊ AHA မှ လုပ်ရန် ပြောထားကြောင်း၊ မိမိတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဦးကိုကိုလှိုင်ဦးစီး၍ ယင်းအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းဆောင်ရွက်မည့် SOP များကိုလည်း သဘောတူပြီးဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမျှ ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများကို ကျော်လွန်၍ လုပ်ပိုင်ခွင့်မပေးကြောင်း၊ လုပ်ပိုင်ခွင့်ပေးသည့်နိုင်ငံများရှိပါက မိမိကိုပြစေလိုကြောင်း၊ ၎င်းတို့၏ ဦးတည်ချက်မှာ အကြမ်းဖက်သမားများကို သီးသန့် ၎င်းတို့အစီအစဉ်ဖြင့် ပေးလိုသည့်သဘောကို ဦးတည်ပြီး ပြောနေခြင်းဖြစ်ကြောင်း၊ ထိုကိစ္စကို မည်သည့်နိုင်ငံမှ လိုက်လျောနိုင်မည် မဟုတ်ကြောင်း။

ကိုဗစ်ကာလ ဖြစ်လာသည့်အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအတွက် ကိုဗစ်ကာကွယ်ဆေးများကို ယခင်အစိုးရလက်ထက်က အိန္ဒိယနှင့် ချုပ်ဆိုခဲ့သည့် စာချုပ်ပြီးချိန်တွင် အိန္ဒိယနိုင်ငံက ကိုဗစ်ရောဂါဖြစ်ပွားမှု များလာသည့်အတွက် တရုတ်နိုင်ငံက ဝယ်ယူရပြီး ပြည့်ပြည့်ဝဝထိုးနှံနိုင်ရန် ဆောင်ရွက်ခဲ့ရကြောင်း၊ မိတ်ဆွေနိုင်ငံများက လှူခဲ့သည်များလည်းရှိကြောင်း၊ ယင်းအချိန်မျိုးတွင် စွပ်စွဲနေသည့်အဖွဲ့အစည်းက မည်သည့်အရာများ လှူခဲ့သည်၊ မည်သည့်အချိန်မှ လှူခဲ့သည်ကို အထင်အရှားရှိကြောင်း၊ ထို့ပြင် ကိုဗစ်ကာကွယ်ဆေးထိုးနှံရေးကို အစိုးရထံမှတစ်ဆင့်မသွားဘဲ ၎င်းတို့၏ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် လုပ်ချင်သည့်သဘောမျိုးထက် စည်းမဲ့ကမ်းမဲ့လုပ်လိုသည့် သဘောမျိုးဖြစ်သည်ကို တွေ့ရကြောင်း၊ ထိုအပြုအမူမျိုးကို မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမှ လက်ခံနိုင်လိမ့်မည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်ကာကွယ်ဆေးများကို တိုက်ပွဲဖြစ်ပွားနေသည့် EAO နယ်မြေများအထိ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်အောင်ပို့ခဲ့ကြောင်း၊ မိမိတို့အနေဖြင့်ပေးလိုသည့် အကူအညီကို ပေးလိုသည့်နေရာရောက်အောင် ပို့ပေးမည်ဟူ၍ ပြောပြီးဖြစ်ကြောင်း၊ သို့သော် ၎င်းတို့က လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ပြီးလုပ်ချင်နေခြင်းသာဖြစ်သည်ဟု ပြောလိုကြောင်း။

## မည်သည့်နိုင်ငံမှ တရားဥပဒေရင်ဆိုင်နေရသည့်သူနှင့် တွေ့ခွင့်ပေးခြင်းမျိုးမရှိ

ထို့နောက် အာဆီယံဥက္ကဋ္ဌ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်ပြီး သက်ဆိုင်သူများနှင့် တွေ့ဆုံရန် မိမိတို့နှင့် ပြောပြီးဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမှ တရားဥပဒေရင်ဆိုင်နေရသည့်သူနှင့် တွေ့ခွင့်ပေးခြင်းမျိုးမရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ရပ်တည်ချက်မှာလည်း ထိုအတိုင်းသာဖြစ်ကြောင်း၊ သက်ဆိုင်သူအားလုံးနှင့် တတ်နိုင်သမျှ တွေ့ခွင့်ပေးခဲ့ကြောင်း၊ တွေ့ခြင်းမတွေ့ခြင်းမှာ ၎င်းတို့၏ ဆန္ဒအတိုင်းသာဖြစ်ကြောင်း၊ ယခင်တစ်ခေါက်က နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ အချို့သောအဖွဲ့အစည်းများနှင့်လည်း တွေ့ခဲ့ကြောင်း၊ ယင်းတို့ကို လျစ်လျူရှု၍ ပြောဆိုနေခြင်းဖြစ်သည်ဟု ပြောလိုကြောင်း၊ မိမိတို့ကို စွပ်စွဲပြောဆိုသည့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ စွပ်စွဲပြောဆိုချက်များနှင့် ပတ်သက်၍ မိမိအနေဖြင့် တစ်ခုသာ ပြန်လည်ပြောဆိုလိုကြောင်း၊ မိမိတို့ တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်တာဝန်ကို ရယူခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် မလေးရှားနိုင်ငံ၌ ကိုဗစ်ဖြစ်ပွားမှုများ များပြားခဲ့ကြောင်း၊ ထိုအချိန်တွင် မြန်မာနိုင်ငံက ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသားများ၊ ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများကို တပ်မတော်စစ်ရေယာဉ် သုံးစင်းနှင့် သွားရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ လူပေါင်း ၁၀၈၀ ပါကြောင်း၊ သွားရောက်ခေါ်ယူသည့် အချိန်တွင် အခြားနိုင်ငံများ၌ ဒုက္ခရောက်နေသည့်အချိန်တွင် မည်မျှဒုက္ခရောက်သည်ဆိုသည်ကို မိမိတို့လုပ်ကြံနေစရာ မလိုကြောင်း၊ ၎င်းတို့ပြန်လာချိန်တွင် ၎င်းတို့ ကိုယ်တိုင်ပြောကြားချက်များရှိကြောင်း၊ ၎င်းတို့ကိုယ်တိုင် အစိုးရကို တောင်းဆိုသည့် အချက်များရှိကြောင်း၊ အဓိကအားဖြင့် ၎င်းတို့ အခြားနိုင်ငံ၌ မည်သို့ဒုက္ခရောက်ခဲ့သည်ကိုပြောကြောင်း၊ ၎င်းတို့ မြန်မာနိုင်ငံကို ပြန်ရောက်သည့်အချိန်တွင် အစိုးရကို ကျေးဇူးတင်ကြပါကြောင်း။

ထို့ပြင် ထပ်ပြီးဒုက္ခရောက်နေသည့်သူများလည်း ၎င်းတို့ထက်မက ရှိပါသေးကြောင်း၊ ထိန်းသိမ်းရေးစခန်းများတွင်ရှိသေးကြောင်း၊ ယင်းကို အစိုးရအနေဖြင့် သွားရောက်ခေါ်ယူပေးရန် ပြောခဲ့ခြင်းများရှိပြီး မိမိတို့အနေဖြင့် ဆက်သွယ်ခဲ့ကြောင်း၊ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ပြောနေသည့်နိုင်ငံက နောက်ပိုင်းတွင် နိုင်ငံရေးရည်မှန်းချက်၊ အကြောင်းပြချက်၊ နိုင်ငံရေးနှင့်ပတ်သက်ပြီး ဆက်နွှယ်ချက်အရ လူ့အခွင့်အရေးနှင့် နိုင်ငံရေးကို ရောယှက်ထားမှုများအရ မိမိတို့စရိတ် မိမိတို့အကုန်ခံပြီး လာခေါ်မည်ဆိုသည်ကိုပင် အခေါ်မခံနိုင်သည့် အနေအထားဖြစ်ကြောင်း၊ မိမိတို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့်အတွက် နိုင်ငံအတွင်း ပြန်လည်ရောက်ရှိနေသည့် မိမိတို့နိုင်ငံသားများမှာ ၎င်းတို့မိဘများ၊ မိသားစုများနှင့်အတူ စိတ်လက်ချမ်းသာစွာ နေထိုင်နိုင်ကြပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျန်ရှိနေသူများကို ထပ်မံ၍ သွားရောက်ခေါ်ယူလိုသော်လည်း လူ့အခွင့်အရေးအကြောင်းပြချက်များ၊ နိုင်ငံရေးအကြောင်းပြချက်များ၊ ရောယှက်မှုများကြောင့် သွားရောက်ခေါ်ဆောင်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ထိုနိုင်ငံအနေဖြင့် မိမိနိုင်ငံကို အပြစ်ပြောဆိုနေခြင်းသာဖြစ်ကြောင်း၊ အခြားနိုင်ငံများကို စွပ်စွဲပြောဆိုနေသော်လည်း ၎င်းတို့နိုင်ငံအတွင်းတွင်မူ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီးဖြစ်စေ၊ အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်ပြီးဖြစ်စေ စံချိန်နှစ်မျိုးဖြင့် ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည့်နိုင်ငံဖြစ်သည်ဟု ပြောကြားသည်။ (ဆက်လက်ဖော်ပြပါမည်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၅ | ၂၅၂၅ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၂၉၃၀ |
| 95 Ron | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၅၅ | ၂၅၄၀ | ၂၅၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၇၉၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၈၂၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၂၅ | ၂၈၆၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၅၀ | ၂၉၆၅ | ၂၉၆၀ | ၂၈၅၅ | ၂၈၆၅ | ၂၉၀၀ | ၂၉၀၀ | ၂၉၀၅ | ၃၁၂၀ | ၃၃၆၅ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၉၂ | ၂၃၇၁ |
| 95 Ron | ၂၃၇၆ | ၂၄၅၈ |
| HSD (500 ppm) | ၂၆၉၇ | ၂၇၈၀ |
| HSD (50 ppm) | ၂၇၇၁ | ၂၈၅၆ |
| HSD (10 ppm) | ၂၇၇၁ | ၂၈၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တတိယအကြိမ်မြောက် International Fire and Rescue Congress အခမ်းအနားသို့ မီးသတ်ဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေး




**နေပြည်တော် ဩဂုတ် ၁၉**

ရုရှားနိုင်ငံ မော်စကိုမြို့၌ ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်ထိ ကျင်းပလျက်ရှိသည့် တတိယအကြိမ်မြောက် International Fire and Rescue Congress အခမ်းအနားသို့ ရုရှားနိုင်ငံ ရုရှားပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များအား ဖယ်ရှားရေးဝန်ကြီးဌာန (Ministry of the Russian Federation for Civil Defense, Emergencies and Elimination of Consequences of Natural Disasters–EMERCON of Russia)၏ ဖိတ်ကြားမှုအရ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

တတိယအကြိမ်မြောက် International Fire and Rescue Congress အခမ်းအနား၏ ပဉ္စမမြောက်နေ့ Panel Discussion Session တွင် နိုင်ငံတကာမီးသတ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အရာရှိကြီးများနှင့်အတူ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မြန်မာနိုင်ငံတွင် မီးသတ်ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်ရခြင်း၏ ရည်ရွယ်ချက်**

မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန အနေဖြင့်ခေတ်မီမီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံး ပစ္စည်းကိရိယာများ ခင်းကျင်း ပြသထားရှိမှုကို လေ့လာသိရှိနိုင်ရန်၊ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အသိပညာနှင့် အတွေ့အကြုံကောင်းများ ဖလှယ်နိုင်ရန်၊ နိုင်ငံတကာ မီးသတ်တပ်ဖွဲ့ဝင်များအကြား နည်းပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာအတွေ့အကြုံကောင်းများ ရရှိနိုင်ရန် ရည်ရွယ်တက်ရောက်ရခြင်းဖြစ်ကြောင်း သိရသည်။

**အောင်နိုင်ဝင်း**

## ပဲခူးမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ပဲခူး ဩဂုတ် ၁၉**

ပဲခူးမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ပဲခူးခရိုင် မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက အဖွင့်အမှာစကားပြောကြားရာ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် လူဦးရေတိုးပွားလာခြင်းကြောင့် အဆောက်အအုံများထူထပ်ခြင်း၊ အဆင့်မြင့်အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများ၊ သိုလှောင်ရုံများ ခေတ်မီလူအသုံးအဆောင်များ၊ လျှပ်စစ်ပစ္စည်းကိရိယာများ တိုးတက်ထွန်းကားလာခြင်း၊ တောတောင်ပြုန်းတီးလာပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲကာ အပူလွန်ကဲခြင်းတို့ကြောင့် မီးဘေးအန္တရာယ် အပါအဝင် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ အပါအဝင် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များသည် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်လာကြောင်း၊ ယခုကဲ့သို့ ခေတ်ကာလနှင့်လျော်ညီသည့် ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များကို သင်တန်းသားများအနေဖြင့် စနစ်တကျ လေ့လာသင်ယူနိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုကူညီရေး ပရဟိတအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၂၆ ရက်ထိ သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၃၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ခရမ်းမြို့နယ် ခရမ်းချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၁၉**

သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ခရမ်းမြို့နယ် အမှတ်(၉)ရပ်ကွက် ခရမ်းချောင်းသဘာဝရေပြင်၌ ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပရာ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၇၅၀၀၀၀ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂၀) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများနှင့် တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းသားများသည် မိမိဌာန၊ အဖွဲ့အစည်း ပတ်ဝန်းကျင်အတွက် တာဝန်ယူတာဝန်ခံစိတ်ရှိရန် လိုအပ်သလို မိမိ၏ စိတ်ဓာတ်၊ အစွမ်းအစ၊ လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ကြပြီး မိမိနိုင်ငံတော်နှင့် လူမျိုးအကျိုး ဖြစ်ထွန်းစေဖို့အတွက် ကောင်းမွန်သည့် ပြိုင်ဆိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ တီထွင်ဆန်းသစ်မှုများဖြင့် ကောင်းမွန်တိုးတက်သည့် အနာဂတ်ကို ဖန်တီးပေးကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပြီး ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်မှသာ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၂၈ ဦး၊ သင်တန်းသူ ၃၂၀ စုစုပေါင်း ၅၄၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၉ ရက်အထိ In-House Learning ဖြင့်လည်းကောင်း ရက်သတ္တ ၁၆ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးညိုမြို့နယ် လူထုအခြေပြုဇဟိုဌာန၌ စာအုပ်ပြပွဲ၊ ဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

မိုးညို ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာန၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက လူထုအခြေပြုဇဟိုဌာနခန်းမ၌ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အခမ်းနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်စန္ဒာလင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပခဲ့ရာ အလက (ခွဲ)တောင်ပိုင်းကျောင်းမှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ကိုးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် ပြိုင်ပွဲဝင်ကလေးငယ်များကို ဒေါ်စန္ဒာလင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်သူ ကလေးငယ်များအား ကျောင်းသုံး ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြပွဲတွင်ပြသထားသည့် စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များနှင့် ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းအတွင်းရှိ စာအုပ်စာစောင်များအား ပြိုင်ပွဲဝင်ကလေးငယ်များ၊ မိဘများနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဝင်ရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။

**ကိုမင်း (ပြန်/ဆက်)**



❍ MNL –2 မှ

ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅ မိနစ်တွင် ချစ်လှအောင်၊ ၇၅ မိနစ်တွင် အောင်ပြည့်စုံနှင့် မိနစ် ၉၀ တွင် အောင်နိုင်ဦးတို့က သွင်းယူခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ခုနစ်မှတ် ရထားပြီး Junior Lions အသင်းမှာမူ နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်ရရှိထားသည်။

ပွဲစဉ် (၃) တတိယနေ့အဖြစ် ဩဂုတ် ၂၀ ရက်တွင် တက္ကသိုလ်အသင်းနှင့် Young Boys အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊**
**ဓာတ်ပုံ – MNL**

## အနုပညာ

**အေးပြည့် - ရေးသားသည်**

### BLACKPINK ရဲ့ တေးသီချင်းသစ်စတင်ထုတ်လွှင့်



BLACKPINK ရဲ့ တေးသီချင်းသစ် Pink Venom ကို ဩဂုတ် ၁၉ ရက်မှာ စတင်ထုတ်လွှင့်ခဲ့ပါတယ်။ တေးဗီဒီယိုနဲ့အတူ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး တေးသီချင်းသစ် ထုတ်လွှင့်မှုအနေနဲ့ ဆိုးလ်မှာရှိတဲ့ နမ်ဆမ်တာဝါကို ပန်းရောင်မီးတွေ ထွန်းထားတာကိုလည်း တွေ့မြင်ရကြောင်း အောကေပေ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒါ့အပြင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ မြို့ကြီးအချို့မှာ ပန်းရောင်မီးတွေနဲ့ အလှဆင်တာတွေ ပြုလုပ်ထားတာကိုလည်း တွေ့မြင်ရပါတယ်။ နယူးယောက်နဲ့ လောစ်အန်ဂျလိစ်ရဲ့ အထင်ကရနေရာတွေမှာလည်း ပန်းရောင်မီးတွေ ထွန်းကာ တေးသီချင်းထုတ်လွှင့်မှုကို ကြိုဆိုခဲ့ကြောင်း သိရပါတယ်။

အဆိုပါ တေးသီချင်း Pink Venom ဟာ အဖွဲ့၏ ဒုတိယမြောက် တေးအယ်လ်ဘမ် Born Pink မှာ ပါဝင်မယ့် တေးသီချင်းလည်း ဖြစ်ပါတယ်။ အဆိုပါတေးသီချင်းဟာ အချစ်အကြောင်း ရေးဖွဲ့ထားတဲ့တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အချစ်ကြောင့် နာကျင်မှုတွေလည်း ထည့်သွင်းခံစားရေးဖွဲ့ထားတာ ဖြစ်ပါတယ်။

### ယခုနှစ်ရဲ့ APAN Star Awards ကို ယူရီနဲ့ ဂျန်အီဝူးတို့ တွဲဖက်တင်ဆက်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Girls' Generation ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယူရီနဲ့ မင်းသားဂျန်အီဝူးတို့ဟာ လတ်တလောမှာ ရုပ်သံဇာတ်လမ်းတွဲမှာ အတူတွဲဖက်သရုပ်ဆောင်နေသူတွေဖြစ်ပြီး ၂၀၂၂ ခုနှစ် APAN Star Awards ဆုပေးပွဲအခမ်းအနားမှာ သူတို့နှစ်ဦး အစီအစဉ်တင်ဆက်သူတွေအဖြစ် လုပ်ဆောင်မှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦးဟာ ယခင်ကလည်း ဇာတ်လမ်းတွဲမှာ အဓိကသရုပ်ဆောင်တွေအဖြစ် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်အားပေးမှုကို ရရှိခဲ့သူတွေပါ။ လတ်တလောမှာ သူတို့နှစ်ဦးရဲ့ ဇာတ်လမ်းတွဲသစ် Good Job ကို ထုတ်လွှင့်ပြသလျက်ရှိပါတယ်။

၂၀၂၂ ခုနှစ် APAN Star Awards ကို လာမယ့် စက်တင်ဘာ ၂၉ ရက်မှာ ပြုလုပ်မှာဖြစ်ပြီး ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ထူးချွန်သူတွေကို ရွေးချယ်ကာ ဆုပေးအပ်ချီးမြှင့်မှာဖြစ်တယ်လို့ သိရပါတယ်။


**အသင်းသားများအားလုံးအားဖိတ်ကြားခြင်း**

**မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ အသင်းမှတ်ပုံတင်အမှတ်(၁၁၃၄၇၁၉၇၂)၊ အသင်းသားစုံညီ အစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ဖိတ်ကြားခြင်း**

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ပထမအကြိမ်သက်တမ်း(၂၀၁၉-၂၀၂၁)အသင်းသားစုံညီ အစည်းအဝေးနှင့် ဒုတိယအကြိမ်သက်တမ်း(၂၀၂၂-၂၀၂၄) ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသင်းဝင်များအားလုံးတက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

သီးခြားဖိတ်စာပေးပို့ဖိတ်ကြားရန် အခက်အခဲများရှိပါသဖြင့် ဖိတ်စာမရရှိသော အသင်းဝင်များအနေဖြင့် ဤကြော်ငြာအား ဖိတ်စာကဲ့သို့ သဘောထား၍ တက်ရောက်ပေးကြပါရန် လေးစားစွာ မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအရ လူဦးရေကန့်သတ်ချက်ဖြင့် ကျင်းပပြုလုပ်ရမည်ဖြစ်ပါသဖြင့် အခမ်းအနားတက်ရောက်လိုသော အသင်းသားများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းဥက္ကဋ္ဌများထံသို့ ကြိုတင်စာရင်းပေးသွင်းတက်ရောက်ရမည်ဖြစ်ပါသည်။

| | |
|---|---|
| အခမ်းအနားကျင်းပမည့်နေ့စွဲ | – ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၈)ရက်၊ (တနင်္ဂနွေနေ့) |
| အခမ်းအနားကျင်းပမည့်နေရာ | – တုံဂပူရိုဟိုတယ်(ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်) |
| အခမ်းအနားကျင်းပမည့်အချိန် | – နံနက် (၉)နာရီမှ ညနေ(၄)နာရီထိ |

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း)**



**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အဦဦးစီးဌာန**
**တည်ဆောက်ရေး(၁)**
**အဆောက်အဦအထူးအဖွဲ့(၁)**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁) ရန်ကုန်မှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ (10'' Ø press pile,Ready Mixed Concrete, ဘိလပ်မြေ၊ လက်အုတ်၊ 33/0.4KV, 315 KVA Transformer, Aircon)နှင့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၅-၉-၂၀၂၂ ညနေ (၄:၀၀)နာရီ
၂။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၇-၉-၂၀၂၂ နံနက် (၁၀:၀၀)နာရီ
၃။ တင်ဒါသွင်း/စိစစ်ရွေးချယ်မည့်နေရာ – အဆောက်အဦအထူးအဖွဲ့(၁)ရုံး၊ အေ(၁)၊ အေ(၂) သံသုမာလမ်းနှင့် သရဖီလမ်းထောင့်၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၁) ရန်ကုန်တွင် ရုံးချိန်အတွင်း ဖုန်း-၀၁-၇၃၃၃၅၆၀သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

မှတ်ချက်။ ။ ပြောင်းလဲမှုရှိလျှင် အကြောင်းကြားပါမည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



**သင့်သွေးဖြင့် အသက်ကယ်ပါ။**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ဆေးစက်၊ မြေကွက်အမှတ်-၄၄၊ ဧရိယာ (၂၅'x၅၀')=(၁၂၅၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-၄၄၊ ဗိုလ်ချုပ်လမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးသောင်းညွန့် [၁၂/ဒပန(နိုင်)၀၀၅၅၂၃]၊ ဒေါ်သိန်းတင် [၁၂/ဒပန(နိုင်)၀၀၅၉၁၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တရားလို ဒေါ်ခင်စောမူ၊ ဦးတင့်လွင်တို့မှ တရားပြိုင် ဦးသောင်းညွန့်၊ ဒေါ်သိန်းတင်တို့အပေါ် ဒေါပုံမြို့နယ်တရားရုံး၏ ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅ ဖြင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုရာ (၉-၇-၂၀၂၀) ရက်စွဲပါ အနိုင်ဒီကရီတာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၂၏ (၁၇-၁၂-၂၀၂၁) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ (၂-၅-၂၀၂၂)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့တင်ပြ၍ တရားရှုံးများကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုဓမ္မစာရီလမ်း၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်အမှတ်(၄၄၈-၄၅၀)၊ အခန်းအမှတ်(၃၀၄)၏ အမည်ပေါက် ဒေါ်စူစီလှသန္တာ [၁၂/သဃက(နိုင်)၀၁၃၇၀၅]မှ အဆိုပါ တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်မှာ အိမ်အပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**
**၀၆၇- ၃၄၀၇၅၄၇**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။
(၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) နေပြည်တော် — အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။
(ခ) မြစ်ကြီးနားမြို့ — တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) လားရှိုးမြို့ — တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) တောင်ကြီးမြို့ — တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) နမ့်စန်မြို့ — နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) ကျိုင်းတုံမြို့ — တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) မော်လမြိုင်မြို့ — အထက၊ ရွှေနတ်တောင်။
(ဇ) မြိတ်မြို့ — တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) ရန်ကုန်မြို့ — တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။
(ည) ပုသိမ်မြို့ — တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) အမ်းမြို့ — တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) မုံရွာမြို့ — အထက(၂)၊ အလုံတပ်မြို့။
(ဍ) မန္တလေးမြို့ — တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။
(ဎ) တောင်ငူမြို့ — တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။ ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတမှသာ ပြည်သူတွေလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မြဲစေပြီး နိုင်ငံရဲ့နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့မသမာမှုလုပ်ဆောင်ခြင်း စတာတွေ ပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုတွေဟာ နိုင်ငံရဲ့ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျသွေဖည်သွားစေခဲ့ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer တို့၏ တွေ့ဆုံမှုအပေါ်တွင် အထူးကိုယ်စားလှယ်မှ တစ်ဖက်သတ်ထုတ်ပြန်ချက်များသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေခဲ့ခြင်းကြောင့် တွေ့ဆုံစဉ် ဆွေးနွေးမှုများကို ပြည့်စုံစွာဖော်ပြလိုက်ရပါသည်

နေပြည်တော် ဩဂုတ် ၁၉

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ယခုလ ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံဆွေးနွေးခဲ့မှုများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘောမဆောင်သော ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ရေရှည်လက်တွဲဆောင်ရွက်နိုင်ရန်အတွက် သတင်းများနှင့်ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်း ထုတ်ပြန်ဆောင်ရွက်ရန်အတွက် သဘောတူညီခဲ့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

## MNL–2 ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက် နိုင်ပွဲဆက်




Junior Lions အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဩဂုတ် ၁၉

၂၀၂၂ ရာသီ MNL-2(ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် Junior Lions အသင်းနှင့် ဒဂုံစတားယူနိုက်တက် အသင်းတို့ ဩဂုတ် ၁၉ ရက်က သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၁၌ ယှဉ်ပြိုင်ကစားရာ ဒဂုံစတားယူနိုက်တက် အသင်းက သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းသည် တတိယမြောက်ပွဲစဉ် ကစားရခြင်းဖြစ်ပြီး Junior Lions အသင်းကို အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့သည်။ Junior Lions အသင်းသည် ယခုပွဲတွင် ပုံမှန်ခြေမရဘဲ ဂိုးပြတ်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၄ သို့ ○

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၁၉

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳

ယနေ့ ဖတ်စရာ

**ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၂၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၂

**ယခုနှစ်ရဲ့ APAN Star Awards ကို ယူရီနဲ့ ဂျန်အီဝူးတို့ တွဲဖက်တင်ဆက်မည်**

စာမျက်နှာ » ၁၉